# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၆ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၈၈)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

### အခက်အခဲမျိုးစုံကြားမှ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် သစ္စာရှိရှိ၊ ရိုးရိုးသားသား၊ တက်တက်ကြွကြွဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြု

နေပြည်တော် မေ ၅

**ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်သည်။**

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ယူခဲ့ရ**

ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အဆိုပါအချိန်က အစိုးရဖြစ်နေသည့် အနိုင်ရပါတီသည် မဲလိမ်မဲခိုးမှု၊ မသမာမှုများနှင့် နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ကြိုးစားခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကိုယူခဲ့ရသည်မှာ အမှန်တရားဖြစ်ပြီး အားလုံးလည်းသိပြီးဖြစ်ကြောင်း။ *စာမျက်နှာ ၃ ကော်လံ ၁* ❍




**ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်**

ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

## ယနေ့ ဖတ်စရာ


**ဥပဒေနှင့်အညီ ပေါ်ထွန်းလာသော နိုင်ငံတော်သမ္မတနှင့် စစ်မှန်သော ပြည်သူ့ကိုယ်စားလှယ်တို့၏ ဆန္ဒအမှန်**
ဆောင်းပါး စာ ၈

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်**
ထုတ်ပြန်ချက် စာ ၁၀


**အမြင့်ဆုံး နေ့အပူချိန်များ ၅-၄-၂၀၂၆**

| | | |
|---|---|---|
| မြင်းမူမြို့ | ၄၃ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ချောက်မြို့ | ၄၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၂ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘိုမြို့ | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေးမြို့ | ၄၁ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

❍ *ရှေ့ဖုံးမှ*

မိမိတို့အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်ကာလသတ်မှတ်ပြီး စိန်ခေါ်မှုမျိုးစုံနှင့် အခက်အခဲများကြားမှ နိုင်ငံတော်တာဝန်ကို ယူခဲ့ကြခြင်းဖြစ်ကြောင်း၊ ကမ္ဘာနှင့်တစ်ဝန်းပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုးကြီးနှင့် စတင်ရင်ဆိုင်ခဲ့ရပြီး တစ်ဆက်တည်း၌ပင် အဖြစ်မှန်ကို မသိ၊ သိဖို့လည်းမကြိုးစား၊ အဖျက်အမှောင့်ပယောဂများကိုအခြေခံသည့် ဆူပူအကြမ်းဖက်မှုများ တစ်နိုင်ငံလုံးတွင် ပျံ့နှံ့ဖြစ်ပေါ်ခဲ့ကြောင်း၊ **“တောမီးလောင် တောကြောင်လက်ခမောင်းခတ်”** ဆိုသကဲ့သို့ မူလကတည်းက စိတ်သဘောထားမမှန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတချို့ကလည်း မီးလောင်ရာလေပင့် ဆူပူအကြမ်းဖက်မှုများကို အားပေးမြှင့်တင်ပြီး တိုက်ပွဲများဖော်ဆောင်လာခဲ့ခြင်းကြောင့် အစိုးရနှင့် ပြည်သူများအားလုံး ဆင်းရဲဒုက္ခများစွာဖြင့် ခက်ခဲပင်ပန်းကြမ်းတမ်းခဲ့ကြရကြောင်း။

တစ်ဆက်တည်း၌ပင် မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်းနှင့် အင်အားပြင်းမန္တလေးငလျင်ကြီးတို့၏ သဘာဝဘေးအန္တရာယ်ကို ဆက်တိုက်ဆိုသကဲ့သို့ ခံစားခဲ့ကြရကြောင်း၊ ထိုသို့ဆူပူအကြမ်းဖက်မှုများနှင့် အင်အားကြီးမားသည့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူအများအပြား သေဆုံးဒဏ်ရာရ၊ ထိခိုက်ဆုံးရှုံးမှုများရှိသကဲ့သို့ ဖွံ့ဖြိုးတိုးတက်စပြုနေပြီဖြစ်သည့် အရှိန်အဟုန်များလည်း ရပ်တန့်သွားပြီး ရှိပြီးသားအခြေခံအဆောက်အအုံအများအပြားသည်လည်း ပျက်စီးသွားခဲ့ကြောင်း။

ထိုသို့ နိုင်ငံတော်အနေဖြင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်နေရသကဲ့သို့ အဆိုပါ အခက်အခဲအန္တရာယ်များကြောင့် နိုင်ငံ့စီးပွားရေးသည်လည်း ကျဆင်းလာခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာရန် အခြေခံများကို ခက်ခက်ခဲခဲကြိုးစားရုန်းကန်ဆောင်ရွက်ခဲ့ကြရကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံနှင့်ပြည်သူများအတွက် စွန့်လွှတ်စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံတော်နှင့် ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေခဲ့သည့်သူများ အများအပြားရှိခဲ့ကြသဖြင့် ယခုကဲ့သို့ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်စအခြေအနေကို ပြန်လည်ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့်ပူးပေါင်းပြီး စွန့်လွှတ်စွန့်စားစွာဖြင့် အန္တရာယ်ကိုမမှုဘဲ ရဲရဲဝံ့ဝံ့ဆောင်ရွက်ခဲ့ကြသူအားလုံးကို ယခုနေရာမှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ကျေးဇူးအထူးတင်ရှိသည်ကို ဂုဏ်ပြုစကားပြောကြားလိုကြောင်း။

> ◆ **မိမိတို့တာဝန်ယူခဲ့သည့် ၅ နှစ်တာကာလ အစအဆုံးတွင် ပေးအပ်သည့် တာဝန်များကို သစ္စာရှိရှိဖြင့် ကျေပွန်အောင် ကြိုးစားထမ်းဆောင်ခဲ့သည်ကို တွေ့ရ၊ ထို့ကြောင့်လည်း မကြာမီရက်ပိုင်းအတွင်း၌ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်မည့် အစိုးရသစ်ကို သင့်တင့်ကောင်းမွန်သည့် အခြေခံများဖြင့် လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်၊ အစိုးရနှင့် ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မိမိအနေဖြင့် လေးလေးစားစား အသိအမှတ်ပြု**

ထိုသို့ဆောင်ရွက်ခဲ့ကြရာတွင် အစိုးရ၏ ဦးစီးဦးဆောင်မှုသည် အရေးကြီးသကဲ့သို့ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အဓိကကျကြောင်း၊ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒေသအလိုက်၊ ကဏ္ဍအလိုက် ချမှတ်ပေးထားသည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်ရသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ကြောင်း၊ သာမန်အချိန်၌ပင် မလွယ်ကူသည့် တာဝန်များကို ယခုကဲ့သို့အခက်အခဲမျိုးစုံကြားမှ လုပ်ဆောင်ရခြင်းသည် ပိုမိုခက်ခဲကြမ်းတမ်းပါကြောင်း၊ တော်ရုံတန်ရုံစိတ်ဓာတ်မျိုး၊ ဝတ်ကျေတမ်းကျေ လုပ်ဆောင်မှုမျိုးဖြင့် အောင်မြင်မှုရမည်မဟုတ်ဘဲ လက်ရှိအခြေအနေကို ရောက်မလာနိုင်ကြောင်း။ *စာမျက်နှာ ၄ သို့*



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

အားလုံးသိသည့်အတိုင်း မည်သည့်လုပ်ငန်းတွင်မဆို ခေါင်းဆောင်မှုသည်အဓိကကျကြောင်း၊ဦးစီးဦးဆောင်အကောင်အထည်ဖော်ကြရသည့် အကြီးအကဲများ၏တာဝန်သည် အလွန်အရေးကြီးကြောင်း၊ မိမိတို့ တာဝန်ယူစဉ်ကာလတွင် ချမှတ်ခဲ့သည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များ၊ အမျိုးသားရေးတာဝန်များကို မိမိနှင့်အတူ ယုံယုံကြည်ကြည်၊ ကြိုးစားပမ်းစား စိတ်ရင်းစေတနာကောင်းများဖြင့် အကောင်အထည်ဖော်ပေးကြသည့် မိမိ၏လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် ယခုတက်ရောက်လာကြသူများအားလုံးကို မိမိအစဉ်အမြဲ သတိရနေမည်ဖြစ်ကြောင်း၊ လေးလေးစားစားဖြင့်ဂုဏ်ယူပြီး အသိအမှတ်ပြုကျေးဇူးတင်နေမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

**❖ မိမိနှင့်အတူ ၅ နှစ်တာကာလလက်တွဲပြီး တာဝန်ကျေခဲ့ကြသည့် ယခုအခမ်းအနားကို တက်ရောက်လာကြသူများအားလုံးကို လေးလေးစားစားဂုဏ်ယူစွာ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် အနာဂတ်နိုင်ငံတော်အတွက်လည်း ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပြောကြားလိုပြီး နိုင်ငံတော်အတွက် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံရရှိစေရေးအတွက်လည်း ဆက်လက်မွေးထုတ်ပေးသွားကြရမည်ဖြစ်**

ခေါင်းဆောင်မှုသည် နေရာတိုင်း၌အရေးကြီးသည်ကို မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူခဲ့သည့် ၅ နှစ်တာကာလအတွင်း၌ အချို့အကြီးအကဲများနှင့် ခေါင်းဆောင်မှုတာဝန်ယူထားသူအချို့သည် တိုင်းပြည်နှင့်လူမျိုးအပေါ် တာဝန်ပျက်ကွက်ခြင်း၊ ပေါ့ဆမှုနှင့် လုပ်ဆောင်မှုလွဲမှားခြင်းများနှင့် လုပ်ထုံးလုပ်နည်းနှင့် မညီသည်များ အချို့ရှိခဲ့သည်ကို စိတ်မကောင်းစွာ ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့်လည်း အခက်အခဲကြားက နိုင်ငံကိုတည်ဆောက်ရာတွင် မဖြစ်သင့်မဖြစ်ထိုက်သည်များမဖြစ်ရအောင် ထိန်းထိန်းသိမ်းသိမ်းဖြင့် မလွဲမရှောင်သာ ဆောင်ရွက်ရခြင်း၊ လက်တွဲဖြုတ်ခဲ့ရခြင်းများရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထိုသို့ လူပုဂ္ဂိုလ်များကြားမှ ယခုအခမ်းအနားကို တက်ရောက်ပေးကြသည့် ပုဂ္ဂိုလ်များသည် မိမိတို့တာဝန်ယူခဲ့သည့် ၅ နှစ်တာကာလအစအဆုံးတွင် ပေးအပ်သည့် တာဝန်များကို သစ္စာရှိရှိဖြင့် ကျေပွန်အောင်

*စာမျက်နှာ ၅ သို့*



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

ကြိုးစားထမ်းဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့်လည်း မကြာမီရက်ပိုင်းအတွင်း၌ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်မည့် အစိုးရသစ်ကို သင့်တင့်ကောင်းမွန်သည့် အခြေခံများဖြင့် လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ထိုသို့ **နိုင်ငံတော်၊ အစိုးရနှင့်ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မိမိအနေဖြင့် လေးလေးစားစား အသိအမှတ်ပြု**ကြောင်း။

မိမိကိုယ်တိုင်လည်း ဦးစီးဦးဆောင် အကြီးအကဲဖြစ်သဖြင့် ယခု ၅ နှစ်တာကာလ၏အခက်အခဲများ၊ အန္တရာယ်များ၊ အကျပ်အတည်းများကို သိရှိပြီးဖြစ်သကဲ့သို့ ကိုယ်ချင်းလည်းစာနာမိကြောင်း၊ ထိုအထဲမှ ကြိုးကြိုးစားစားဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ၊ အပြစ်ကင်းကင်း ဆောင်ရွက်ခဲ့ကြသည်များကို လေးလေးစားစား အသိအမှတ်ပြု မှတ်တမ်းတင်လိုသဖြင့် ယခုအခမ်းအနားကိုကျင်းပပြီး ဂုဏ်ပြုခြင်းဖြစ်ကြောင်း။

အခက်အခဲမျိုးစုံကြားမှ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် သစ္စာရှိရှိ၊ ရိုးရိုးသားသား၊ တက်တက်ကြွကြွဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုကြောင်း၊ မိမိ၏ဦးဆောင်မှုအောက်တွင် ယုံယုံကြည်ကြည်၊ ရဲရဲဝံ့ဝံ့၊ စွန့်လွှတ်စွန့်စားလုပ်ဆောင်ခဲ့ကြသည်များကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်း၊ တာဝန်ထမ်းဆောင်စဉ်ကာလတွင် ကိုယ်ကျိုးမဖက်၊ အတ္တကင်းကင်းဖြင့် နိုင်ငံနှင့်ပြည်သူအကျိုးကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို ကျေးဇူးတင်ကြောင်း၊ မိမိတို့တစ်တွေသည် မြန်မာနိုင်ငံ၏သမိုင်းတွင် နိုင်ငံ၏အန္တရာယ်ရန်စွယ်ကျမည့် အချိုးအကွေ့တစ်ခုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပြီး နိုင်ငံကို မူလရည်မှန်းသည့် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်တည့်မတ်လွှဲပြောင်းပေးနိုင်ခဲ့သော သမိုင်းမော်ကွန်းတစ်ခုကို စိုက်ထူနိုင်ခဲ့သဖြင့် ဝမ်းသာအားရဖြစ်ရကြောင်း၊ ထို့ကြောင့် မိမိနှင့်အတူ ၅ နှစ်တာကာလလက်တွဲပြီး တာဝန်ကျေခဲ့ကြသည့် ယခုအခမ်းအနားကို တက်ရောက်လာကြသူများအားလုံးကို လေးလေးစားစားဂုဏ်ယူစွာ မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် အနာဂတ်နိုင်ငံတော်အတွက်လည်း ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပြောကြားလိုကြောင်း၊ **နိုင်ငံတော်အတွက် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံရရှိစေရေးအတွက်လည်း ဆက်လက်မွေးထုတ်ပေးသွားကြရမည်ဖြစ်**ကြောင်း ပြောကြားသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များကို ချီးမြှင့်ပေးအပ်ရာ ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်

*စာမျက်နှာ ၆ သို့*



❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ပြန်လည်ဦးမော့လာရန် အခြေခံများကို ခက်ခက်ခဲခဲကြိုးစား ရုန်းကန်ဆောင်ရွက်ခဲ့ကြရပြီး နိုင်ငံနှင့်ပြည်သူများအတွက် စွန့်လွှတ်စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံတော်နှင့် ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေခဲ့သည့်သူများ အများအပြားရှိခဲ့ကြသဖြင့် ယခုကဲ့သို့တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်စအခြေအနေကို ပြန်လည် ရောက်ရှိခဲ့ရခြင်းဖြစ်

ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

## တက်ရောက်

ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ခြင်း အခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

*စာမျက်နှာ ၅ မှ*

ပြည်ထောင်စုဝန်ကြီးများကို ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကို ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့က ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူ ပုဂ္ဂိုလ်များကို ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြု အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ဦးညိုစော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်ခင်သင်းဝေအား ဂုဏ်ပြု အထိမ်းအမှတ် လက်ဆောင်ပေးအပ် ချီးမြှင့်စဉ်။

## ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ဦးညိုစော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းအား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ် ချီးမြှင့်စဉ်။






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်အား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။ (သတင်း - ရှေ့ဖုံး)




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါ်နန်းစန္ဒာစမ်းအား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။ (သတင်း - ရှေ့ဖုံး)




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးကျော်မျိုးထွန်းအား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။ (သတင်း - ရှေ့ဖုံး)

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းအား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။ (သတင်း - ရှေ့ဖုံး)




## အကောက်ခွန်ဦးစီးဌာနက မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း လုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

- ➢ အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။
- ➢ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းများမှတစ်ဆင့် တင်သွင်း/တင်ပို့မည့်ကုန်ပစ္စည်းများအား မဟာသင်္ကြန်ရုံးပိတ်ရက်ဖြစ်သော (၁၁-၄-၂၀၂၆)၊ (၁၃-၄-၂၀၂၆)၊ (၁၄-၄-၂၀၂၆) နှင့် (၁၅-၄-၂၀၂၆) ရက်နေ့တို့တွင် ရုံးချိန်ပြည့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ ထို့ပြင် နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီးတင်သွင်းလာသောပစ္စည်းများ ထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက တင်သွင်း/တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ အချိန်ပို (Overtime) ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် တင်သွင်း/တင်ပို့လိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်နှင့်ပတ်သက်သော Deposit ငွေလုံလောက်စွာ ထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုမှုအား (၁၀-၄-၂၀၂၆) ရက်နေ့၊ (၁၄:၀၀) အချိန်ထက် နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည် ဖြစ်ပါသည်။
- ➢ Asia World ဆိပ်ကမ်းတွင် အကောက်ခွန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှစ်ဆန်း (၁) ရက်နေ့မှအပ ကျန်ရုံးပိတ်ရက်များတွင် ပို့ကုန် ကုန်သေတ္တာများ စစ်ဆေးတင်ပို့မှုအား အချိန်ပို (Overtime) ဆောင်ရွက်ပေးရန် လျှောက်ထားလာပါက အဆိုင်း (၃) ဆိုင်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသော နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတို့တွင် သင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ ကုန်ပစ္စည်းများတင်သွင်း/တင်ပို့ရာတွင် အခက်အခဲများရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူး (ထုတ်/သွင်း) | - ၀၉-၂၅၀၂၅၄၂၀၈ |
| (ခ) | ညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၅၀၆၆၅၆၉ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူး (ထုတ်ကုန်) | - ၀၉-၇၈၅၀၅၅၄၅၆ |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး (သွင်းကုန်) | - ၀၉-၇၈၅၄၁၄၄၃၃ |
| (င) | ဒုတိယညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၄၄၅၁၇၉၆၉၈ |
| (စ) | ဒုတိယညွှန်ကြားရေးမှူး (လေဆိပ်) | - ၀၉-၅၄၀၈၉၅၇ |

**အကောက်ခွန်ဦးစီးဌာန**

# ဥပဒေနှင့်အညီ ပေါ်ထွန်းလာသော နိုင်ငံတော်သမ္မတနှင့် စစ်မှန်သော ပြည်သူ့ကိုယ်စားလှယ်တို့၏ ဆန္ဒအမှန်

ထူးမောင်

ဧပြီလ ၃ ရက်မှာ ပြည်ပအခြေစိုက် သတင်းဌာန တစ်ခုဖြစ်တဲ့ CNA သတင်းဌာနက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနဲ့ ပတ်သက်ပြီး အရှိတရားကို မျက်ကွယ်ပြုကာ "မြန်မာ စစ်ခေါင်းဆောင် ဦးမင်းအောင်လှိုင် အား စစ်တပ်လိုလားသော လွှတ်တော်က သမ္မတအဖြစ် ရွေးချယ်တင်မြှောက်" (Myanmar junta chief Min Aung Hlaing elected president by pro–military parliament) ဆိုတဲ့ ခေါင်းစဉ်နဲ့ "၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အရပ်သားအစိုးရထံမှ အာဏာသိမ်းယူခဲ့ကြောင်း၊ ၂၀၂၅ ရွေးကောက်ပွဲသည် အဓိကအတိုက်အခံအင်အားစုများ ပါဝင်ခွင့်မရဘဲ ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ထိုရွေးကောက်ပွဲကို "တရားမျှတမှုမရှိသော ပြပွဲ"အဖြစ် ဝေဖန်ရှုတ်ချလျက်ရှိကြောင်း၊ အင်အားကြီးမားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် စစ်တပ်မှ ခန့်အပ်ထားသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်းကာ ဦးမင်းအောင်လှိုင်ကို ထောက်ခံခဲ့ကြတာကြောင့် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း" စသည်ဖြင့် မဟုတ်မမှန် ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။




ဒါနဲ့ပတ်သက်ပြီး အများပြည်သူတွေ အမြင်မလွဲမှားစေဖို့ အနည်းငယ်ရှင်းပြချင်ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ NLD ပါတီဟာ နိုင်ငံတော်အာဏာကို မတရားတဲ့နည်းနဲ့ အတင်းအဓမ္မရယူဖို့အတွက် မဲ ၁၁ သန်းကျော် ခိုးခဲ့တယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒီလို မဲခိုးခဲ့တာကြောင့် တပ်မတော်ကနေ အများကြီး စဉ်းစားတွေးတောပြီး သဘောထားကြီးစွာဖြင့် မဲစာရင်းမှားယွင်းမှုတွေကို ပွင့်လင်းမြင်သာစွာ စစ်ဆေးပေးဖို့၊ စစ်ဆေးတဲ့အခါ အစိုးရ၊ တပ်မတော် ညှိနှိုင်းပြီး သမာသမတ်ကျတဲ့လူတွေပါတဲ့ ရွေးကောက်ပွဲကော်မရှင်အသစ်ဖွဲ့ပြီး စစ်ဆေးပေးဖို့၊ စစ်ဆေးနေချိန်ကာလအတွင်း တတိယအကြိမ် လွှတ်တော်ခေါ်ယူမှုကို သမ္မတရဲ့ အခွင့်အာဏာနဲ့ ဆိုင်းငံ့ပေးဖို့ စတဲ့အချက်တွေကို ဒေါ်စုနဲ့ သွားတွေ့ပြီးပြောခဲ့တယ်။ ဒါတွေကို NLD အစိုးရဘက်က ဘာတစ်ခုမှ လိုက်လျောမှုမရှိခဲ့တဲ့အတွက် ဘယ်လိုမှ ညှိနှိုင်းလို့မရတော့တဲ့အခြေအနေမျိုးမှာ တပ်မတော်က နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ၍ အရေးပေါ် အခြေအနေနဲ့ ထိန်းသိမ်းခဲ့ရတာပဲဖြစ်ပါတယ်။

တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းခဲ့ပေမဲ့လည်း NLD ပါတီကို ဖျက်သိမ်းတာမျိုး မရှိခဲ့ပါဘူး။ နစကအစိုးရဖွဲ့စည်းပြီးချိန်မှာလည်း ပြည်သူတွေလိုလားတောင့်တနေတဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပနိုင်ဖို့ကိုလည်း နစကအစိုးရကနေ ပြန်လည်ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)က ပါတီစုံ ဒီမိုကရေစီစနစ်ကို ပုံဖော်လျှောက်လှမ်းတဲ့နေရာမှာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံရေးပါတီများအားလုံးပါဝင်ကြဖို့ တရားဝင်ဖိတ်ခေါ်ခဲ့ပါတယ်။ ဒ့ါအပြင် ရွေးကောက်ပွဲမကျင်းပခင် အကြိုကာလကတည်းက နိုင်ငံရေးပါတီတွေ အချိန်မီမှတ်ပုံတင်ကြဖို့၊ နိုင်ငံရေးပါတီတွေ ဆောင်ရန်၊ ရှောင်ရန်၊ လုပ်ဆောင်ရန်တွေကို လိုက်နာကြဖို့ အကြိမ်ကြိမ် ထုတ်ပြန်ကြေညာခဲ့တယ်။ ဒါကို NLD ပါတီကြီးက ပူးပေါင်းလိုက်နာ ဆောင်ရွက်ခြင်းမပြုဘဲ ပါတီမှတ်ပုံတင်ခွင့်ဥပဒေအရ မှတ်ပုံမတင်ခဲ့လို့၊ လုပ်သင့်လုပ်ထိုက်တာတွေ မလုပ်ခဲ့လို့၊ သူတို့သဘောနဲ့ သူတို့ ပါတီမှတ်ပုံမတင်ခဲ့တာကြောင့် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်မရတော့ဘဲ နိုင်ငံရေးလောကကနေ NLD ပါတီ ပျောက်ကွယ်သွားခဲ့ရတာ ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် သူတို့ NLD ပါတီကိုယ်တိုင်က ပါတီကို ဖျက်ပစ်ခဲ့ကြတာပါ။

ပြီးတော့ ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ပြည်တွင်းမှာကျန်ခဲ့တဲ့ NLD ပါတီဝင်တွေဟာ NLD ပါတီကို ဥပဒေကြောင်းအရ ပြန်လည်မှတ်ပုံတင်တာပဲဖြစ်ဖြစ်၊ ပါတီကို တခြားနာမည်တစ်ခုခုနဲ့ မှတ်ပုံတင်တာပဲဖြစ်ဖြစ် လုပ်ဆောင်ပြီး ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာ ကျန်ခဲ့တဲ့ NLD ပါတီဝင်တွေဟာ တိုင်းသိပြည်သိဖြစ်ခဲ့တဲ့ NLD ပါတီရဲ့ မဲလိမ်မဲခိုးခဲ့မှုတွေကြောင့် သူတို့ကိုယ်သူတို့ အရှက်ရပြီး ၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပါတီကို ပြန်လည်မှတ်ပုံမတင်ခဲ့ကြလို့သာ ရွေးကောက်ပွဲ ဝင်ရောက်မယှဉ်ပြိုင်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းပြီးနောက် ပြည်သူတွေ လိုလားတောင့်တနေတဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း (၃) ပိုင်းခွဲပြီး Myanmar Electronic Voting Machine–MEVM မဲပေးစက်များဖြင့် အပိုင်းလိုက် ကျင်းပခဲ့ပါတယ်။ ကျင်းပပြီးစီးခဲ့ပြီဖြစ်တဲ့ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၃) ပိုင်းလုံးမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိတဲ့အနက် မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့ပြီး မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ဒီအရေအတွက်ဟာ အလွန်များပြားတဲ့ ပမာဏဖြစ်တာကြောင့် အောင်မြင်တဲ့ရွေးကောက်ပွဲလို့ ဆိုရမှာပဲဖြစ်ပါတယ်။ ဘယ်လိုပဲပြောပြော ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဟာ ပြည်သူတွေရဲ့ဆန္ဒတွေနဲ့ တစ်ထပ်တည်းကျခဲ့တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်ခဲ့သလို မဲဆန္ဒရှင်ပြည်သူတွေဟာလည်း စိတ်အားထက်သန်စွာ တက်တက်ကြွကြွနဲ့ သူတို့ကြိုက်တဲ့ ပါတီ၊ သူတို့ကြိုက်တဲ့ ကိုယ်စားလှယ်လောင်းတွေကို သူတို့ရဲ့ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခွင့်ရခဲ့ကြပါတယ်။

၂၀၂၅ ရွေးကောက်ပွဲဟာ Free, Fair and Clean Election လို့ခေါ်ဆိုနိုင်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ၊ သန့်ရှင်းတဲ့ ရွေးကောက်ပွဲဖြစ်တဲ့အပြင် မဲမသမာမှုကင်းမဲ့တဲ့ ရွေးကောက်ပွဲ၊ ပြည်သူတွေလိုလားတဲ့ ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင် ဂုဏ်ယူနိုင်ခဲ့တာကို တွေ့ရပါတယ်။ ရွေးကောက်ပွဲအပိုင်း(၁)စတင်ကျင်းပခဲ့တဲ့နေ့ကနေ ရွေးကောက်ပွဲအပိုင်း(၃) ပြီးဆုံးသည့်အထိ နိုင်ငံတကာမှ လာရောက်လေ့လာစောင့်ကြည့်ခဲ့ကြတဲ့ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး အဖွဲ့အသီးသီးတို့ကလည်း ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကောင်းမွန်တဲ့ သဘောထားမှတ်ချက်တွေ ပေးခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့တဲ့ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် H.E.Mr YICH Samethy က "စောင့်ကြည့်လေ့လာခဲ့တဲ့ ကာလအတွင်းမှာ ဘယ်လိုမသမာမှုမျိုးမှ မတွေ့ရကြောင်းနဲ့ အခုကျင်းပတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ ပြီးပြည့်စုံပြီးတော့ အားလုံးတာဝန်ခံမှုရှိတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်ဆိုတာကို တွေ့ရှိခဲ့ရကြောင်း" မှတ်ချက်ပြု ပြောကြားခဲ့ပါတယ်။

အလားတူ တရုတ်နိုင်ငံကလည်း ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာသူများ စေလွှတ်ခဲ့ကြောင်း၊ အောင်မြင်ပြီး လွတ်လပ်တရားမျှတတဲ့ သန့်ရှင်းတဲ့ရွေးကောက်ပွဲဖြစ်ကြောင်း၊ ပြည်သူတွေ တက်တက်ကြွကြွ လာရောက်မဲပေးကြကြောင်း၊ ရွေးကောက်ပွဲကို ထောက်ခံကြောင်း၊ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူကြောင်း ပြောကြားခဲ့ပါသေးတယ်။ ဒ့ါအပြင် ရွေးကောက်ပွဲကို လာရောက်လေ့လာစောင့်ကြည့်ခဲ့တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌကလည်း "ရွေးကောက်ပွဲမှာ ပြည်သူတွေက စိတ်အားထက်သန်စွာ ဆန္ဒမဲပေးကြပြီး နိုင်ငံရဲ့အနာဂတ်ကို ရွေးချယ်နေကြကြောင်း၊ MEVM မဲပေးစက်တွေဟာ မဲမသမာမှုပြုလုပ်၍မရကြောင်း၊ ရွေးကောက်ပွဲကို ပြည်သူတွေက ယုံကြည်မှုရှိကြောင်း၊ မြန်မာနိုင်ငံက ပြည်သူတွေ ရွေးကောက်ပွဲအပေါ်မှာ ပြင်းပြတဲ့ဆန္ဒထားရှိမှုအပေါ် ဝမ်းသာဂုဏ်ယူကြောင်း" သဘောထားမှတ်ချက်ပေးခဲ့ပါသေးတယ်။ ၂၀၂၅ ရွေးကောက်ပွဲဟာ Free, Fair and Clean Election လို့ ခေါ်ဆိုနိုင်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ၊ သန့်ရှင်းတဲ့ ရွေးကောက်ပွဲဖြစ်တဲ့အပြင် မဲမသမာမှုကင်းမဲ့တဲ့ ရွေးကောက်ပွဲ၊ ပြည်သူတွေလိုလားတဲ့ ရွေးကောက်ပွဲဖြစ်ခဲ့တာကြောင့်သာ နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ခဲ့သူတွေက အခုလို အားလုံးတစ်ပြေးညီ ကောင်းမွန်တဲ့မှတ်ချက်တွေ ပေးခဲ့ကြတာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးချိန် လွှတ်တော်ခေါ်ပြီး သမ္မတရွေးချယ်တဲ့အခါမှာလည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတကို ရွေးချယ်ရာမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့သုံးခုမှ သမ္မတလောင်းများကို အသီးသီး အဆိုပြု တင်မြှောက်ရွေးချယ်ခဲ့ကြခြင်းဖြစ်ပါတယ်။ ပြည်ပသတင်းဌာနတစ်ခုဖြစ်တဲ့ CNA စွပ်စွဲသကဲ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်းကာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကို

*စာမျက်နှာ ၉ သို့*

> **"ဗိုလ်ချုပ်မှူးကြီး ရရှိခဲ့တဲ့ ထောက်ခံမဲ ၄၂၉ မဲ ဆိုတာ ပြည်သူ့လွှတ်တော်အတွင်းရှိ ပါတီစုံမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရဲ့ စုပေါင်းယုံကြည်မှုကြောင့်ပင်ဖြစ်၊ နိုင်ငံတော်ကို အကျပ်အတည်းများကြားမှ တည်ငြိမ်အောင် ထိန်းကျောင်းနိုင်ခဲ့သော၊ အခက်ခဲဆုံးအချိန်များမှာ ဦးဆောင်လမ်းပြခဲ့သော၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်တစ်ဦးကို ကိုယ်စားလှယ်များက သူတို့ရဲ့လွတ်လပ်သောဆန္ဒဖြင့် မဲပေးရွေးချယ်တင်မြှောက်ခဲ့ကြခြင်းသာ ဖြစ်ပါတယ်"**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးယားပြည်နယ် အကြီးအကဲနှင့် အစိုးရအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးယားပြည်နယ် အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

အူလန်အူဒဲမြို့၊ ၄-၅-၂၀၂၆

သို့

အဆွေတော် မစ္စတာ မင်းအောင်လှိုင်

သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်

လေးစားအပ်ပါသောသမ္မတကြီးခင်ဗျား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဘူရားတီးယားပြည်နယ် အစိုးရအဖွဲ့နှင့်အတူ မိမိအနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်၏ ထူးချွန်ပြောင်မြောက်သော စီမံခန့်ခွဲမှုစွမ်းရည်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ကိုယ်ကျိုးမဖက်ဘဲ ကြိုးပမ်းအားထုတ်မှုများအပြင် ဗုဒ္ဓဘာသာနှင့် အခြားသော ဘာသာတရား ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ချက်များသည် မြန်မာပြည်သူလူထု၏ မြင့်မားသော ယုံကြည်ကိုးစားမှုနှင့် ထောက်ခံမှုကို ရရှိစေခဲ့ခြင်းဖြစ်သည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးယားပြည်နယ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တို့အကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို မိမိတို့အနေဖြင့် အစဉ်တစိုက် တန်ဖိုးထားလျက်ရှိပါသည်။ နေပြည်တော်နှင့် အူလန်အူဒဲမြို့များ၌ ကျင်းပခဲ့သည့် မိမိတို့၏ တွေ့ဆုံဆွေးနွေးပွဲများအရ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မိမိတို့အတွက် အထူးအရေးပါသော ကိစ္စရပ်ဖြစ်ပါသည်။ ဘူရားတီးယားပြည်နယ်တက္ကသိုလ်တွင် မြန်မာကျောင်းသားများ ပညာသင်ကြားနေခြင်းသည် မိမိတို့၏ အောင်မြင်သော ပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသောပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ကဏ္ဍစုံတွင် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှေ့ဆက်ပိုမိုခိုင်မာလာစေရန် မျှော်လင့်ပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံတော်၏ အမြင့်ဆုံးတာဝန်ကို ထမ်းဆောင်ရာတွင် ချမှတ်ထားသည့် ရည်မှန်းချက်များအားလုံးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန်၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းနှင့် ခွန်အားများ ပိုင်ဆိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့၏ စုပေါင်းဆောင်ရွက်မှုများသည် ဘူရားတီးယားပြည်နယ်နှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဟု အပြည့်အဝယုံကြည်ပါသည်။

အဆွေတော်အား အစဉ်အမြဲလေးစားစွာဖြင့်။

**အေ.အက်စ်. စီဂျယ်နော့ဗ်**

**ဘူရားတီးယားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗို ပေါရပ်စ် ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗို ပေါရပ်စ်မှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးမင်းအောင်လှိုင် အား ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြလိုပါသည်။

ညီရင်းအစ်ကိုပမာဖြစ်သော မြန်မာပြည်သူများ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြီးမားသော တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း အဆွေတော်အား ဒါရီယို (Darío) နှင့် ဆန်ဒီနို (Sandino) မြေမှ မိမိတို့က ဆုမွန်ကောင်း ပို့သအပ်ပါသည်။

အခါအခွင့်ကြုံခိုက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အနေဖြင့် မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်သွားမည့် ကတိကဝတ်ကို အတည်ပြုပါသည်။ ထို့ပြင် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

မာနာဂွါမြို့၊ နီကာရာဂွါနိုင်ငံ

**အမျိုးသားလွှတ်တော်**

**ဥက္ကဋ္ဌ**

*စာမျက်နှာ ၈ မှ*

မဲအပြတ်အသတ်ပေးခဲ့ခြင်း မဟုတ်ကြောင်း မဲရလဒ်များကိုကြည့်လျှင် သိသာလှပါတယ်။

ဧပြီလ ၃ ရက် မနက်ပိုင်းက ကျင်းပခဲ့တဲ့ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲကို လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၅၈၆ ဦးရှိတဲ့အနက် ၅၈၄ ဦး တက်ရောက်ခဲ့ကြပြီး လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ခဲ့ကြပါတယ်။ အဲဒီလိုရွေးချယ်ခဲ့ရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကို ထောက်ခံဆန္ဒမဲ ၄၂၉ မဲ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဦးညိုစောကို ထောက်ခံဆန္ဒမဲ ၁၂၆ မဲ၊ ရွေးကောက်ခံ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဒေါ်နန်းနီနီအေးကို ထောက်ခံမဲ ၂၉ မဲဖြင့် အသီးသီးရွေးချယ်ခဲ့ကြပြီး ထောက်ခံမဲ အများဆုံးရရှိခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။

ဗိုလ်ချုပ်မှူးကြီး ရရှိခဲ့တဲ့ ထောက်ခံမဲ ၄၂၉ မဲဆိုတာ ပြည်သူ့လွှတ်တော်အတွင်းရှိ ပါတီစုံမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရဲ့ စုပေါင်းယုံကြည်မှုကြောင့်ပင် ဖြစ်ပါတယ်။ နိုင်ငံတော်ကို အကျပ်အတည်းများကြားမှ တည်ငြိမ်အောင် ထိန်းကျောင်းနိုင်ခဲ့သော၊ အခက်ခဲဆုံးအချိန်များမှာ ဦးဆောင်လမ်းပြခဲ့သော၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်တစ်ဦးကို ကိုယ်စားလှယ်များက သူတို့ရဲ့လွတ်လပ်သောဆန္ဒဖြင့် မဲပေးရွေးချယ်တင်မြှောက်ခဲ့ကြခြင်းသာဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရတဲ့အပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ မိတ်ဆွေနိုင်ငံများမှ ခေါင်းဆောင်များကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသလို ပြည်တွင်းရှိ အသင်း/အဖွဲ့အစည်းပေါင်းစုံနဲ့ နိုင်ငံရေးပါတီများကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများ ပေးပို့လျက်ရှိကြပါတယ်။

ပြောရမယ်ဆိုရင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရခြင်းသည် ဥပဒေကြောင်းအရ ခိုင်မာသလို၊ ပြည်သူ့ကိုယ်စားလှယ်များရဲ့ စုပေါင်းဆန္ဒလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် CNA ကဲ့သို့သော ပြည်ပသတင်းဌာနတစ်ခုရဲ့ စွပ်စွဲရေးသားဖော်ပြချက်များသည် အထောက်အထားမဲ့ မှန်ကန်မှုမရှိဘဲ လုံးဝ(လုံးဝ) မှားယွင်းနေကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။ ။

❖ ❖ ❖

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Sihasak Phuangketkeow ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**သို့**
**အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတ**
**နေပြည်တော်**

ရက်စွဲ၊ ၃-၄-၂၀၂၆။
စာအမှတ်၊ ၁၃၀၃/၇၇၀

**အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

၁။ အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ကျွန်ုပ်၏ လှိုက်လှဲစွာဂုဏ်ပြုကြောင်း သဝဏ်လွှာကို ပေးပို့ခွင့်ရခြင်းအား ဂုဏ်ယူဝမ်းမြောက်မိပါသည်။ အဆွေတော်၏ ကျွမ်းကျင်သော ဦးဆောင်မှုနှင့် နွေးထွေးသော ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ထိုင်း-မြန်မာဆက်ဆံရေးသည် နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် ကဏ္ဍအားလုံးတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

၂။ ကျွန်ုပ်အနေဖြင့် အဆွေတော်၏ သမ္မတရာထူးအပ်နှင်းပွဲအခမ်းအနားသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ရန် အလွန်ပင်ဆန္ဒရှိခဲ့ပါသည်။ သို့သော်လည်း ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉-၁၀ ရက်များတွင် ထိုင်းဘုရင်မင်းမြတ်အစိုးရမှ လွှတ်တော်သို့ တင်သွင်းမည့် မူဝါဒရေးရာ တင်ပြချက်များရှိနေပြီး အစိုးရအဖွဲ့ဝင်အားလုံး တက်ရောက်ရန် လိုအပ်နေပါသဖြင့် အဆွေတော်၏ အခမ်းအနားသို့ ဆန္ဒရှိသည့်အတိုင်း မတက်ရောက်နိုင်တော့သည်ကို လွန်စွာစိတ်မကောင်းဖြစ်မိပါသည်။ သို့ရာတွင် ကျွန်ုပ်သည် ဤသို့ မြန်မာနိုင်ငံအတွက် မင်္ဂလာရှိသော ထူးမြတ်သည့် အခါသမယတွင် ထိုင်းနိုင်ငံကိုယ်စား တက်ရောက်ရန်နှင့် အဆွေတော်ထံသို့ ကျွန်ုပ်၏ ဆုမွန်ကောင်းများနှင့် ဂုဏ်ပြုစကားများကို ကိုယ်တိုင်ကိုယ်ကျ ပြောကြားပေးရန်အတွက် ထိုင်းနိုင်ငံ၏ ထင်ရှားသော ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်းဖြစ်သူ H.E. Dr. Parnpree Bahiddha-Nukara ကို လွှဲအပ်တာဝန်ပေးလိုက်ပါသည်။

၃။ ကျွန်ုပ်တို့၏ နှစ်နိုင်ငံဆက်ဆံရေး အနာဂတ်အတွက် အကောင်းမြင် မျှော်လင့်ထားပြီး ထိုင်း- မြန်မာ ဆက်ဆံရေး၏ အခန်းကဏ္ဍသစ်ကို ဖော်ဆောင်နိုင်ရန်အတွက် မြန်မာအစိုးရသစ်နှင့်နီးကပ်စွာ ဆက်လက်လုပ်ဆောင်သွားရန် အလွန်မျှော်လင့်နေပါသည်။ ထိုင်းနိုင်ငံသည် သူငယ်ချင်းကောင်းနှင့် မိတ်ဖက်ကောင်းအဖြစ် ရပ်တည်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် မြန်မာအစိုးရသစ်၏ ကြိုးပမ်းမှုများကို ကူညီပံ့ပိုးပေးရန် အသင့်ရှိနေပါသည်။ နေပြည်တော်၌ အဆွေတော်အား ဂါရဝပြုတွေ့ဆုံရန်နှင့် ကျွန်ုပ်တို့၏ ဆွေးနွေးမှုများကို မကြာမီ ဆက်လက်ဆောင်ရွက်သွားနိုင်ရန်လည်း မျှော်လင့်ပါသည်။

၄။ အဆွေတော်အပေါ်ထားရှိသည့် ကျွန်ုပ်၏ အထူးလေးစားမှုကို လက်ခံရယူပါရန် အလေးအနက် တောင်းဆိုအပ်ပါသည်။

**Sihasak Phuangketkeow**
**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး**
**ထိုင်းနိုင်ငံ**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် မေ ၅**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အမျိုးသားဒီမိုကရေစီပါတီသစ်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ တရုတ်-မြန်မာစီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း (CMECDPA)၊ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း၊ မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့ (MPPAA)၊ မြန်မာနိုင်ငံဆိုင်ရာ ဟူနန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ စီချွမ်နှင့်ချုံချင့် ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ကျန်းစုကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာရှန်ဒုန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကျန်းရှီးကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ကွမ်းတုန်းကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ(တရုတ်) ယူနန်ကုန်သည်ကြီးများအသင်းနှင့် ပြည်တွင်းလူငယ်များ မိတ်သဟာယအသင်းတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အားပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေ၊ မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း၊ သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

### အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၅ ရက်**

၂၀၂၆ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ ဦးညိုစော အား ဒုတိယသမ္မတ (၁) အဖြစ်လည်းကောင်း၊ ဒေါ်နန်းနီနီအေး အား ဒုတိယသမ္မတ (၂) အဖြစ် အသီးသီး ရွေးချယ်တင်မြှောက်ပေးခဲ့သည့်အပေါ် အမျိုးသားဒီမိုကရေစီပါတီသစ်မှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း အမျိုးသားဒီမိုကရေစီပါတီသစ်မှ ဆန္ဒပြုအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**အမျိုးသားဒီမိုကရေစီပါတီသစ်**

### အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၅ ရက်**

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ရပါသည်။

နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရသော ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံ့အကျိုး၊ ဘာသာအကျိုးကို ပိုမိုဆောင်ရွက်နိုင်ပါစေကြောင်း လေးစားစွာဖြင့် ဆန္ဒပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ တာဝန်များကို စတင်ထမ်းဆောင်သည့်အချိန်မှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံ၍ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်သမ္မတတာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ရန်ကုန်တိုင်းဒေသကြီး**

### အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

**၂၀၂၆ ခုနှစ်၊ မေ ၅ ရက်**

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း**



၂၀၂၆ ခုနှစ် မေ ၄ ရက်တွင် နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာအနီး၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



မူးယစ်ဆေးဝါးများတင်ဆောင်လာသည့် MDY/ 9V-54836 ထော်လာဂျီ စိမ်းပုတ်ရောင်(လိုင်စင်မဲ့)ယာဉ်။

# ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



တရားခံ မျိုးမင်းအောင်၊ ၄၃ နှစ်



တရားခံ မင်းမင်းခိုင်၊ ၃၇ နှစ်



တရားခံ လှိုင်ဝင်း၊ ၅၀ နှစ်

**နေပြည်တော် မေ ၅**

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာတားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်း/ ဝယ်သူများသည် စစ်ဆေးရေးဂိတ်များကို ရှောင်ကွင်းသည့် လမ်းကြောင်းများ ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရသည်။

၂၀၂၆ ခုနှစ် မေ ၄ ရက်တွင် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ရမည်းသင်းမြို့မှ ပဒါန်းမြို့သို့ မူးယစ်ဆေးဝါးများပို့ဆောင်မည်ဖြစ်ကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ နတ်မောက်မြို့နယ် ရွာတော်စစ်ဆေးရေးဂိတ်၌ တရားခံ မျိုးမင်းအောင်နှင့်အတူ TOYOTA PRADO ယာဉ်ကိုလည်းကောင်း၊ နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာအနီး၌ တရားခံ မင်းမင်းခိုင်မောင်းနှင်၍ လှိုင်ဝင်းလိုက်ပါလာသည့် ထော်လာဂျီယာဉ်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ယာဉ်ပေါ်တွင် ထုံးအိတ်များဖြင့်ဖုံးအုပ်သယ်ဆောင်လာသည့် ဆာလာအိတ် ၃၉ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်း၊ ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့်ကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား သုံးဦး၊ မော်တော်ယာဉ်နှစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်း (တစ်ပြားလျှင် ၁၅၀၀ ကျပ်)၊ ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် ပင်လောင်းမြို့နယ် တီဂျစ်ကျေးရွာနေ ကျော်ဝင်းအောင်(ခ)ပအို့ဝ် (ဖမ်းဆီးရန်ကျန်)က ဝမ်ဟိုင်းဒေသရှိ မူးယစ်ဆေးဝါးများအား ၎င်း၏အစီအစဉ်ဖြင့် ကလောမြို့နယ် ဘွန်ယွာကျေးရွာအနီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ကျော်ဝင်းအောင်(ခ)ပအို့ဝ်(ဖမ်းဆီးရန်ကျန်)၏ ခိုင်းစေချက်ဖြင့် မျိုးမင်းအောင်၊ မင်းမင်းခိုင်နှင့် လှိုင်ဝင်းတို့က ဖမ်းဆီးရမိ ထော်လာဂျီယာဉ်ဖြင့် ဘွန်ယွာကျေးရွာမှတစ်ဆင့် ရမည်းသင်း- ပျော်ဘွယ်- နတ်မောက်- မကွေးလမ်းကြောင်းအတိုင်း ပဒါန်းမြို့နယ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်းနှင့် ပဒါန်းမြို့နယ်မှတစ်ဆင့် ရခိုင်ပြည်နယ် အမ်းမြို့ရှိ AAသောင်းကျန်းသူအဖွဲ့ မြို့နယ်မှူးအဆင့်ရှိ (စိစစ်ဆဲ)ထံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တရားခံပြေးများအပါအဝင် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြား ထုပ်ပိုးမှုပုံစံ။






ဖမ်းဆီးရမိ ယာဉ်အမှတ်၊ MDY-20/1F-2504 TOYOTA PRADO ခဲရောင် (လိုင်စင်မဲ့)ယာဉ်။

# ဆူဒန်နိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုဌာနများအပေါ် တိုက်ခိုက်မှုများကြောင့် ၂၀၂၃ ခုနှစ်နောက်ပိုင်း လူပေါင်း ၂၀၀၀ ကျော် သေဆုံး



**ခါတွမ် မေ ၅**

ဆူဒန်နိုင်ငံ၌ ပဋိပက္ခ စတင်ဖြစ်ပွားခဲ့သည့် သုံးနှစ်နီးပါးကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ဌာနများအပေါ် တိုက်ခိုက်မှုပေါင်း ၂၁၄ ကြိမ်ရှိခဲ့ပြီး လူပေါင်း ၂၀၄၂ ဦးထက်မနည်း သေဆုံးကာ ၇၈၅ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ကုလသမဂ္ဂအေဂျင်စီနှစ်ခုက မေ ၄ ရက်တွင် ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့၏ ပူးတွဲထုတ်ပြန်ချက်တွင် ယခုနှစ် ပထမ သုံးလပတ်တာ ကာလအတွင်းပင် သေဆုံးသူ ၁၈၄ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၉၅ ဦးရှိကြောင်း၊ ထို့အပြင် ပဋိပက္ခဖြစ်ပွားသည့် ဒေသများတွင် ယခုကဲ့သို့ တိုက်ခိုက်မှု ပိုမိုကြီးမားလာပြီး အကြိမ်ရေများပြားလာခြင်းအပေါ် စိုးရိမ်ပူပန်ကြောင်း ဖော်ပြထားသည်။

ကျန်းမာရေး စောင့်ရှောက်မှု ဌာနများ၊ ဝန်ထမ်းများ၊ လူနာများ အပေါ် တိုက်ခိုက်မှုများသည် နိုင်ငံတကာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်ရာရောက်ကြောင်းနှင့် လက်ရှိဖြစ်ပွားနေသော ဆိုးရွားပြင်းထန်သည့် လူသားချင်း စာနာမှုဆိုင်ရာ အကျပ်အတည်းကို ပိုမိုဆိုးရွားစေကြောင်း အဆိုပါ အေဂျင်စီများက ပြောသည်။

ထို့အပြင် ကျန်းမာရေး စောင့်ရှောက်မှု ဌာနများအပေါ် လေးစားလိုက်နာရန်နှင့် အကာအကွယ်ပေးရန်၊ အရပ်သားများနှင့် အကူအညီပေးရေး လုပ်သားများ အပေါ် ဘေးကင်းလုံခြုံမှု အာမခံချက်ပေးရန်၊ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ စဉ်ဆက်မပြတ် ရရှိစေရန် သက်ဆိုင်သူအားလုံးကို တောင်းဆိုထားသည်။

ဆူဒန်နိုင်ငံတွင် ၂၀၂၃ ခုနှစ် ဧပြီလလယ်မှစတင်ကာ လက်နက်ကိုင်နှစ်ဖွဲ့အကြား ပဋိပက္ခ ဖြစ်ပွားမှုများကြောင့် လူပေါင်း ထောင်နှင့်ချီ သေဆုံးမှုဖြစ်ပွားပြီး လူသန်းပေါင်းများစွာလည်း ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင် နေကြရကြောင်း နိုင်ငံတကာ အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**



# အီဂျစ်နိုင်ငံ၌ စွမ်းအင်အကျပ်အတည်းဖြစ်ပေါ်နေချိန် ဓာတ်အားခဈေးနှုန်းများ မြင့်တက်

**ကိုင်ရို မေ ၅**

အီဂျစ်နိုင်ငံ၌ ယခုဧပြီလမှစတင်၍ လုပ်ငန်းသုံးနှင့် အိမ်သုံးဓာတ်အားခ ဈေးနှုန်းများ မြင့်တက်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဝန်ကြီးဌာနက မေ ၄ ရက်တွင် ကြေညာခဲ့သည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ လတ်တလော ဖြစ်ပေါ်နေသည့် ပြင်းထန်ပြီး မကြုံစဖူး စွမ်းအင်ဆိုင်ရာအကျပ်အတည်းများကြောင့် ယခုလမှစတင်ကာ လုပ်ငန်းသုံးနှင့် အိမ်သုံးဓာတ်အားခများကို တိုးမြှင့်ကောက်ခံရန် လိုအပ်လာကြောင်း ကြေညာခဲ့သည်။

လုပ်ငန်းသုံး လျှပ်စစ်မီတာခများကို အဆင့်အမျိုးမျိုးအလိုက် ပျမ်းမျှ ၂၀ ရာခိုင်နှုန်းအထိ ဈေးတိုးသွားမည် ဖြစ်သည်ဟု ကြေညာချက်တွင် ပါဝင်သည်။

အိမ်သုံး လျှပ်စစ်အတွက်မူ တစ်လအတွင်း ၂၀၀၀ kWh အထက်သုံးစွဲပါက ပျမ်းမျှအားဖြင့် ၁၆ ရာခိုင်နှုန်း ဈေးတက်မည်ဖြစ်ပြီး ၂၀၀၀ kWh အောက်သုံးစွဲမှုများကိုမူ ယခင်နှုန်းထားအတိုင်း သတ်မှတ်ထားမည်ဖြစ်သည်။

အဆိုပါ ဆုံးဖြတ်ချက်သည် ကမ္ဘာ့စွမ်းအင် အခြေအနေကို တုံ့ပြန်သည့်အနေဖြင့် အီဂျစ်အစိုးရ၏ ဆောင်ရွက်ချက်များထဲမှ တစ်ခုဖြစ်သည်။

**ဆင်ဟွာ**

Photo-Ammon News

# လာမည့်မေလတွင် ယမန်နှစ် အလားတူကာလ၏ ၆၀ ရာခိုင်နှုန်းခန့်နှင့် ညီမျှသော ရေနံစိမ်းပမာဏတင်သွင်းနိုင်မည်ဟု ဂျပန်ခန့်မှန်းထား

**တိုကျို မေ ၅**

ဂျပန်အစိုးရသည် လာမည့်မေလအတွက် စက်သုံးဆီ တင်သွင်းမှုများမှာ ယမန်နှစ် အလားတူကာလ၏ ၆၀ ရာခိုင်နှုန်းခန့်နှင့်ညီမျှသောပမာဏကို တင်သွင်းနိုင်မည်ဟု ခန့်မှန်းထားကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ပြင် ဂျပန်အစိုးရသည် ဟော်မုဇ် ရေလက်ကြားကို ရှောင်ကွင်းသည့်လမ်းကြောင်း အသုံးပြုရန်နှင့် အခြားအရင်းအမြစ်များထံမှ ဝယ်ယူရန် စီစဉ်နေသည်။ ထိုကဲ့သို့ တင်သွင်းမှုများကို ပြည်တွင်းသိုလှောင်ထားသော ရေနံစိမ်းထုတ်ယူသုံးစွဲမှုနှင့်ပေါင်းစပ်လိုက်ခြင်းဖြင့် ဂျပန်နိုင်ငံသည် ၂၀၂၇ ခုနှစ် အစောပိုင်းကာလအထိ လုံလောက်သော ရေနံစိမ်းပမာဏကို ရရှိမည်ဖြစ်ကြောင်း အစိုးရက ခန့်မှန်းထားသည်။

ဂျပန်အစိုးရသည် တည်ငြိမ်မှုရှိသော ရေနံစိမ်း ရရှိရေးအတွက် ရေလက်ကြားကို ရှောင်ကွင်းသည့် လမ်းကြောင်းကိုအသုံးပြု၍လည်းကောင်း၊ အရှေ့အလယ်ပိုင်းဒေသပြင်ပရှိ အရင်းအမြစ်များထံမှ လည်းကောင်း ရေနံစိမ်းဝယ်ယူရရှိရေး ကြိုးပမ်းမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

တာဝန်ရှိသူများက ယခုလအတွက် လမ်းကြောင်းသစ်များမှ ထောက်ပံ့တင်သွင်းမှုများသည် ပြီးခဲ့သည့် ဧပြီလက ဝယ်ယူခဲ့သည့် ပမာဏ၏ ၂၀ ရာခိုင်နှုန်းခန့် ရရှိဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ မေလတွင် ၆၀ ရာခိုင်နှုန်းခန့်အထိ တိုးမြှင့်ရရှိဖွယ်ရှိသည်ဟု မျှော်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**




# အာဖဂန်နစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် ၇၇ ဦး သေဆုံး

**ကဘူးလ် မေ ၅**

အာဖဂန်နစ္စတန်နိုင်ငံ တစ်ဝန်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးမှုများ ဖြစ်ပေါ်ပြီး ၇၇ ဦး သေဆုံးကာ ၁၃၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု နိုင်ငံ၏ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က မေ ၄ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အကြီးအကျယ် ရေလွှမ်းမိုးမှုကြောင့် နေအိမ်ပေါင်း ၃၄၆၆ အိမ်ကို တစ်စိတ်တစ်ပိုင်း သို့မဟုတ် လုံးဝပျက်စီးခြင်း ဖြစ်ပေါ်စေခဲ့သည်ဟု အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောသည်။ ရေကြီးမှုကြောင့် လမ်း ၃၃၇ ကီလိုမီတာ ပျက်စီးခဲ့ရပြီး စိုက်ပျိုးမြေဧက ၁၁၆၇၆ ဧက ရေနစ်မြုပ်ခဲ့သည်။ ရေမြောင်းနှင့် ဆည်ရေသွင်းယူသည့် တူးမြောင်း ၁၂၀ ခု ပျက်စီးခဲ့သည်။ သဘာဝဘေးကြောင့် ထိခိုက်ခံစားခဲ့ရသည့် မိသားစုပေါင်း ၅၈၁၁ စုရှိသည်ဟု အာဏာပိုင်များက ပြောသည်။

လာမည့် ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းမည်ဟု အာဖဂန်နစ္စတန်နိုင်ငံ၏ မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ဝေးလံခေါင်ဖျားသည့် ဒေသများနှင့် ထိခိုက်လွယ်သည့် ဒေသများတွင် ရေကြီးမှုအန္တရာယ်ဖြစ်နိုင်ခြေရှိမှုများကိုလည်း မိုးလေဝသဌာနက သတိပေးထားသည်။

**ဆင်ဟွာ**



# ၂၀၂၅ ခုနှစ်အတွင်း လစ်ဗျားနိုင်ငံ၌ ပေါက်ကွဲစေတတ်သည့် ပစ္စည်းအကြွင်းအကျန်များကြောင့် သေဆုံးသူ ၆၃ ဦးရှိ

**ထရီပိုလီ မေ ၅**

လစ်ဗျားနိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း ပေါက်ကွဲစေတတ်သည့် ပစ္စည်းအကြွင်းအကျန်များကြောင့် သေဆုံးသူ ၆၃ ဦးရှိကြောင်း လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂထောက်ပံ့ရေးမစ်ရှင်က မေ ၄ ရက်တွင် ဖော်ပြခဲ့သည်။

လစ်ဗျားနိုင်ငံ၌ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို အထောက်အကူဖြစ်စေရန်၊ အရပ်သားများကို အကာအကွယ်ပေးရန် မိုင်းရှင်းလင်းရေးဆောင်ရွက်မှုမှာ အရေးကြီးကြောင်း အပြည်ပြည်ဆိုင်ရာ မိုင်းသတိပေးရေးနှင့် မိုင်းရှင်းလင်းရေးဆောင်ရွက်မှုနေ့တွင် ထုတ်ပြန်ခဲ့သည်။ ၂၀၂၅ ခုနှစ် မေလအတွင်းက ထရီပိုလီမြို့၌ ပြင်းထန်သော လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ်နှစ်ခန့်ကလည်း လူနေထူထပ်သည့်ဧရိယာများရှိ လက်နက်ထိန်းသိမ်းရာ နေရာများတွင် မတော်တဆပေါက်ကွဲမှုကြီး လေးခုဖြစ်ပွားခဲ့ကြောင်း၊ ထိုအဖြစ်အပျက်များသည် လစ်ဗျားတွင် ပေါက်ကွဲစေတတ်သည့် လက်နက်ပစ္စည်းများ အန္တရာယ်ပြင်းထန်မှုကို ထင်ရှားစေကြောင်း လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂထောက်ပံ့ရေးမစ်ရှင်က ပြောသည်။

**ဆင်ဟွာ**

# အမည်မည်းစာရင်းကြေညာခြင်း

*(ယမန်နေ့မှအဆက်)*

၁-၁-၂၀၂၂ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ ပို့ကုန်ရငွေ အပြည့်အဝ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီ (၂၈၇) ခု စာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | ကုမ္ပဏီလိပ်စာ |
|---|---|---|---|---|
| ၁၉၈ | SETTLER INTERNATIONAL TRADING CO., LTD. | Daw Aye Aye Aung | 14/PATHANA(N)244218 | AUNG THIT SAR STREET, BETWEEN 51X52 STREET, NO. 28 (ZA ZA-20), CHAN MYA THAR SI TOWNSHIP, MANDALAY REGION |
| ၁၉၉ | SEWELL GARMENT (MYANMAR) INDUSTRIAL COMPANY LIMITED | Mr. TSAI CHUNG MING | 363417119 | 2ND STREET, MYAY TAING QUARTER, NO.24, NGWE PIN LAE, PLOT NO.17, HLAING THAR YAR TOWNSHIP, YANGON REGION |
| | | Mr. TSAI CHUNG-MING | 363417119 | |
| ၂၀၀ | SH EQUIPMENT (MYANMAR) CO.,LTD. | Mr. TAN CHENG SOON DON | K1113564G | PANTINWUN U SHWE BIN STREET, NO(194), INDUSTRIAL ZONE PART (1), 113, DAGON MYOTHIT (EAST) TOWNSHIP, YANGON REGION |
| ၂၀၁ | SHAN LADY COMPANY LIMITED | Daw Nang Hum Aye | 13/NAKHANA(N)066353 | SASA-(176), 4TH STREET, SWANSAW QUARTER, MUSE CITY, SHAN STATE |
| ၂၀၂ | SHAN STATE (NORTHERN) RICE AND PADDY DEVELOPMENT PUBLIC COMPANY LIMITED. | Daw Hway Phane | 13/NAMATA(N)028138 | NEW STARLIGHT, MUSE CENTRAL BUSSINESS DISTRICT, ZONE (4), BLOCK NO-114, TAW YWAT QUARTER, MUSE TOWNSHIP, SHAN STATE |
| | | Daw Kyu Kyu Myint | 12/OUKAMA(N)023811 | |
| | | Daw Nan Thein Mya | 13/NAKHANA(N)015337 | |
| | | U Sai Htwe Maung | 13/MASATA(N)000312 | |
| | | U Than Htay Oo | 8/MAKANA(N)110031 | |
| | | U Thant Zin Htut | 7/THAWATA(N)062413 | |
| | | U Thet Soe | 13/LAYANA(N)102417 | |
| | | U Tin Hlaing Win | 9/AHMAYA(N)069741 | |
| | | U Min Thein | 7/AHTANA(N)051914 | |
| | | U Than Bo Oo | 13/NAMATA(N)037019 | |
| ၂၀၃ | SHAN YUAN JU AGRICULTURE DEVELOPMENT COMPANY LIMITED | Daw Thun Wati Maung | 9/KHAMASA(N)048036 | FMI CITY, NO.(A-24), HLAING THARYAR TOWNSHIP, YANGON REGION |
| ၂၀၄ | SHIN HTI COMPANY LIMITED. | U Khin Kyaw Oo | 13/MAHSATA(N)063150 | PA LA MA/29, KAUNG HMU TON QUARTER, MUSE TOWNSHIP, SHAN STATE |
| | | U Tom Kone Hti | 13/KAKHANA(N)082508 | |
| | | U Yamin Oo | 13/KAKHANA(N)132461 | |
| ၂၀၅ | Shin Thant Phyu Sin Co., Ltd | Daw Thandar Htwe | 13/NAMATA(N)037022 | NO.(216), (25) STREET, BETWEEN (58X59) STREET, ANAPETAW WARD, AUNG MYAY THAR SAN TOWNSHIP, MANDALAY REGION |
| ၂၀၆ | SHOGUN COMPANY LIMITED. | U Tin Tun Aung | 9/PAOULA(N)003092 | ANAWYAHTAR STREET, NO. 16/B, 14 QUARTER/YANKIN TOWNSHIP, YANGON REGION |
| ၂၀၇ | Shone Lae Myaing Co., Ltd | U Myo Thant | 5/SALAKA(N)000676 | HOUSE NO. (77), (11) STREET, CHAN MYA WADI QUARTER, MONYWA TOWNSHIP, SAGAING REGION |
| ၂၀၈ | SHWE CHO OO COMPANY LIMITED | U Kyaw Thu Ya | 6/LALANA(N)064776 | NO.(161/Z), KYAIKKASAN ROAD, NATMAUK WARD, TAMWE TOWNSHIP, YANGON REGION |
| ၂၀၉ | SHWE DANA SAN EAIN COMPANY LIMITED | U Thet Naing Soe | 12/LATHANA(N)113226 | NO(124), 22 STREET, (2) WARD LATHAR TOWNSHIP, YANGON REGION |
| ၂၁၀ | SHWE EI PHYO COMPANY LIMITED | U Hlaing Myo Htut | 5/WALANA(N)115028 | (4)WARD, MYAY NI GONE, MYAWADDY TOWNSHIP, KAYIN STATE |
| | | U Thaung Htike Aung | 5/WALANA(N)111726 | |
| ၂၁၁ | SHWE HLAING HTUT (MWD) COMPANY LIMITED | U Hlaing Myo Htut | 5/WALANA(N)115028 | (4)WARD, MYAY NI GONE, MYAWADDY TOWNSHIP, KAYIN STATE |
| ၂၁၂ | SHWE KHAING BUSINESS GROUP COMPANY LIMITED. | Daw Htet Htet Soe | 12/OUKATA(N)154482 | THANTHUMAR ROAD, 642, WARD 10/ SOUTH OKKALAPA TOWNSHIP, YANGON REGION |
| | | U Khaing Linn Thu | 12/SAKHANA(N)062669 | |
| | | Daw Khin Thida Aung | 6/THAYAKHA(N)000026 | |
| ၂၁၃ | SHWE LI KAUNG COMPANY LIMITED | Daw She Phan Lan | 13/KAKHANA(N)010476 | NO.439/23, MAHAR AUNG MYAY TOWNSHIP, MAHAR AUNG MYAY TOWNSHIP, MANDALAY REGION |
| | | Daw Shie Shwin Chake | 9/MANAMA(N)077590 | |
| | | U Zin Maw Pyae | 12/DAGASA(N)009314 | |
| ၂၁၄ | SHWE MYA PAWAR COMPANY LIMITED | Daw Ei Ei Htun | 12/THAGAKA(N)170949 | NO(4), AUNG ZABU STREET, LET YET SAN QUARTER, THANLYIN TOWNSHIP, YANGON REGION |
| | | U Zay Yar Aung | 12/THAKATA(N)184143 | |
| ၂၁၅ | SHWE MYINT MIN COMPANY LIMITED | Daw Myint Theingi Win | 12/DAGANA(N)000434 | SABAI YONE LANE, NO. (MA-1054), (EAST) YWARMA WARD, INSEIN TOWNSHIP, YANGON REGION |
| | | Daw Theingi Myint Thein | 12/MAGATA(N)084159 | |
| | | Daw Yamon Win | 12/TAMANA(N)076401 | |
| ၂၁၆ | SHWE NAN KYAW COMPANY LIMITED. | Daw Khin Poe Ei Phyu | 12/DAGATA(N)176995 | NO(688), BOGYOKE STREET, MYO MA QUARTER, THANLYIN TOWNSHIP, YANGON REGION |
| ၂၁၇ | SHWE NAT MOUT YADANAR MYAY TRADING COMPANY LIMITED. | U Khin Maung Nyein | 8/NAMANA(N)166053 | NO(1), SALLAL VILLAGE, SALLAL VILLAGE GROUP, NATMAUK TOWNSHIP, MAGWAY REGION |
| | | U Kyaw Shwe | 8/NAMANA(N)165940 | |
| | | U Nay Win | 8/NAMANA(N)137879 | |
| ၂၁၈ | SHWE PAN LWIN COMPANY LIMITED | Daw Than Aye | 12/TAKANA(N)169053 | THUDAMA STREET, NO.(115), 1ST FLOOR, (SA) WARD, NORTH OKKALAPA TOWNSHIP, YANGON REGION |
| ၂၁၉ | SHWE SATKYAR WIN MINING COMPANY LIMITED (ယခင်ကုမ္ပဏီ) @ SHWE SATKYAR WIN COMPANY LIMITED (ယခုကုမ္ပဏီ) | Daw Nan Si Win | 13/TAKHALA(N)004807 | BETWEEN 13TH STREET & PHONE GYI STREET, STRANT ROAD, NO (514), (7) FLOOR, LANMATAW TOWNSHIP, YANGON REGION |
| | | Mr. Opas Yansomboon | AB2443553 | |
| | | Mr. Suriyasak Buntitawat | AA7559032 | |
| | | U Sai Sam Tit | 13/TAKHALA(N)039489 | |
| ၂၂၀ | SHWE SIN HSU SHIN COMPANY LIMITED. | U Sho Kyauk Kaw | 13/LAYANA(N)240572 | NO.(28), U CHAINT STREET, INDUSTRIAL ZONE (1), SOUTH DAGON PORT, YANGON REGION |
| ၂၂၁ | Shwe Yamin Pt Co., Ltd | Daw Kyin Lonn Man | 4/TATANA(N)098455 | CHIN TWIN STREET, NO.(24), SOUTH DAGON INDUSTRIAL ZONE, SOUTH DAGON TOWNSHIP, YANGON REGION |
| ၂၂၂ | SHWEPHYU RUBBER COMPANY LIMITED | U San Hlaing Oo | 6/HTAWANA(N)137309 | KYAUK SEINN STREET, NO.(181), NORTH DAGON TOWNSHIP, YANGON REGION |
| | | U Shine Maung | 14/MAMAKA(N)313244 | |
| ၂၂၃ | Si Thu Tun Thit Energy Co., Ltd | U Si Thu | 12/MAGATA(N)099096 | NO(720/A), KYUN SHWE MYAING (9) STREET, (18)QUARTER, SOUTH DAGON TOWNSHIP, YANGON REGION |
| ၂၂၄ | SILVER LINK LIMITED | U Than Win Kyi | 14/KALANA(N)083617 | MIN DIN, NO 577, THINGANGYUN, YANGON REGION |
| ၂၂၅ | SU HTOO KHINE COMPANY LIMITED | U Hla Tun | 3/BAHANA(N)052526 | RUBBER KYAAN (6)STREET, NEAR YE BAW MARKET, NO-5 WARD HPA-AN TOWNSHIP, KAYIN STATE |
| ၂၂၆ | SUN FOREST COMPANY LIMITED. | Daw Sharr Kyu | 13/MASATA(N)032781 | TUUMYAUNG VILLAGE, PLOT NO. KA THAINE KWIN, U PAING LOTE KWAT (77),YAE TOWNSHIP, YANGON REGION |
| ၂၂၇ | SUN HO FOOD COMPANY LIMITED. | Mrs. Choi Young Soon | M76221134 | KAN OO STREET, NO.(398), GROUND FLOOR(B), LAY DAUK KAN QUARTER, THINGANGYUN TOWNSHIP, YANGON REGION |
| | | U Thet Paing Tun | 13/KALANA(N)108485 | |
| ၂၂၈ | SUNLEN INTERNATIONAL MYANMAR COMPANY LIMITED | Daw Naw Zue Zue | 12/LAKANA(N)253666 | BO MYAT TUN STREET, NO.(241), NO.(10) WARD/ BOTAHTAUNG TOWNSHIP, YANGON REGION |
| | | U Naing Win Aung | 9/MAKANA(N)125160 | |
| ၂၂၉ | Sunny Coast Co., Ltd | Daw Nandar Oo | 13/LAYANA(N)234966 | AR THAN LWIN YONE STREET, NO.29, KYAN KHIN SU QUARTER/ MINGALARDON TOWNSHIP, YANGON REGION |
| | | U Kyaw Oo | 13/LAYANA(N)254077 | |

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

| | | | | |
|---|---|---|---|---|
| ၂၃၀ | SUNTEX ASIA COMPANY LIMITED | U Than Toe Aung | 8/KHAMANA(N)163443 | NO.98, MAK KHAYAR MINTHAR GYI MAUNG PYOE STREET, HLAING THAR YAR INDUSTRIAL ZONE-2, HLAING THAR YAR TOWNSHIP, YANGON REGION |
| | | U Wai Yan Htet | 10/MALAMA(N)237811 | |
| ၂၃၁ | SWAN BHONE PYAE THU COMPANY LIMITED | U Khaing Zaw Hein | 7/YATANA(N)128167 | MINE YU VILLAGE, MINE YU (105) MILE VILLAGE GROUP, MUSE TOWNSHIP, SHAN STATE |
| ၂၃၂ | SWAN THEIN KHA COMPANY LIMITED | U Min Min | 5/YABANA(N)196496 | BLOCK (10), NAMMATUU ROAD, LASHIO TOWNSHIP, SHAN STATE |
| ၂၃၃ | SWANS GARDEN COMPANY LIMITED | Daw Myint | 12/LAMATA(N)011895 | LAN THIT YEIKTHAR HOUSING, BUILDING 5, ROOM 7, FIRST FLOOR, 11 QUARTER, LANMADAW TOWNSHIP, YANGON REGION |
| | | Daw Tin Tin Khine | 7/YATAYA(N)006368 | |
| ၂၃၄ | SWAN PYAE SOE SAN COMPANY LIMITED. | Daw Khin Moe Hlaing | 9/MALANA(N)183704 | (58) STREET, BETWEEN (24X25) STREET, NO.(108), FRONT OF PALACE, AUNG MYAY THAR ZAN TOWNSHIP, MANDALAY REGION |
| ၂၃၅ | SWE PYAE COMPANY LIMITED | Daw Hnin Moe Oo | 10/PAMANA(N)186600 | AUNG THU KHA STREET, NO.5, MYAWADDY, KAYIN STATE |
| ၂၃၆ | SY-TECH COMPANY LIMITED | Daw Khin Ohmar Myo | 12/OUKAMA(N)016910 | MIN YE KYAW SWAR STREET, NO(18), 14-WARD, KYAUK GONE, YANKIN TOWNSHIP, YANGON REGION |
| ၂၃၇ | Tal Bo Pin Diamond Star Co., Ltd | Daw Tint Eaindray Hlaing | 7/PAKHANA(N)443626 | NO.(226), KA NAUNG MINTHARGYI STREET, DAGON SEIK KAN INDUSTRIAL ZONE (2), YANGON REGION |
| ၂၃၈ | TAOKAE (2019) COMPANY LIMITED. | U Kaung Htet | 12/OUKATA(N)177665 | HWAYSHAN, NO.(5/84), MYAWADDY, KAYIN STATE |
| | | U Saw Min Phone Oo | 3/MAWATA(N)012666 | |
| ၂၃၉ | Taw Thar Gyi Co., Ltd | U Bo Bo Thant | 12/AHLANA(N)046164 | SIN YAY KAN STREET, NO.83, AHLONE TOWNSHIP, YANGON REGION |
| ၂၄၀ | TAW WIN CHO COMPANY LIMITED. | U Naing Naing Swe | 9/MAHTALA(N)201929 | KAUNG KHAR STREET, NAL MYAYB LARSHOW TOWNSHIP, SHAN STATE |
| ၂၄၁ | THADAR PHYU COMPANY LIMITED | U Han Win Tun | 10/MALAMA(N)229525 | NO.(315), SIN SHWE LE (3) STREET, NO.(5) QUARTER, MYAWADDY TOWNSHIP, KAYIN STATE |
| | | U Zaw Min Tun | 10/MALAMA(N)232207 | |
| ၂၄၂ | THAE NADI WINN COMPANY LIMITED. | U Zaw Zaw Aung | 9/PAMANA(N)174028 | THAPYAY CHAUNG VILLAGE GROUP, THAPYAY CHAUNG VILLAGE, MYAWADDY WARD, TAKONE TOWNSHIP, NAYPYITAW |
| ၂၄၃ | THAR HTET AUNG COMPANY LIMITED | Daw Aye Thiri Aung | 12/DAGANA(PYU)000049 | NAWADAY ROAD, NO.(15), ROOM NO.(3-A), DAGON TOWNSHIP, YANGON REGION |
| | | Daw Myo Tharki Maung | 12/DAGANA(PYU)000048 | |
| | | Daw Zar Chi Maung | 12/DAGANA(PYU)000047 | |
| | | U Tun Bo | 12/DAGANA(PYU)000032 | |
| ၂၄၄ | THAUNG HLYAN SHWE MYAY COMPANY LIMITED | U Ko Min | 9/MAYATA(N)129387 | NO.(91), 64(A) STREET, BETWEEN (119 X 120) STREET, (C ) QUARTER, PYI GYI TAGON TOWNSHIP, MANADALAY REGION |
| | | U Sai Myo Khaing | 9/MAHAMA(N)003142 | |
| ၂၄၅ | THE BEST FAMILY AUNG COMPANY LIMITED | U Khaing Htoo Aung | 12/THALANA(N)126057 | MYO PYA KWAT THIT STREET, NO.(640), THANLYIN TOWNSHIP, YANGON REGION |
| ၂၄၆ | Thein Naing Co., Ltd | Daw Pa Pa Tun | 14/MAAHPA(N)266770 | NO.(296), CHERRY STREET, HLAING THAR YAR INDUSTRIAL ZONE, YANGON REGION |
| ၂၄၇ | Theint Theint Thu Aung Co., Ltd | U Thet Paing Kyaw | 12/LATHAYA(N)003828 | NO.(86), CHIN TWIN STREET, SOUTH DAGON INDUSTRIAL ZONE, YANGON REGION |
| ၂၄၈ | THET TRADING COMPANY LIMITED. | U Aye Min Thu | 7/TANGANA(N)241001 | NO.(264), AYE ZAYDI STREET, BAMAR AYE QUARTER, DAWPON TOWNSHIP, YANGON REGION |
| | | U Win Than Htut | 12/THAKATA(N)162528 | |
| ၂၄၉ | THG STAR INTERNATIONAL COMPANY LIMITED | Daw Thandar Zaw | 9/PAMANA(N)208854 | NO.(487), ROOM(302), KHAYMAR THIRI STREET, MYITTAR NYUNT WARD, TAMWE TOWNSHIP, YANGON REGION |
| ၂၅၀ | THIRI HTUN TAUK TRADING COMPANY LIMITED. | U Khin Maung Lay | 9/KHAAHZA(N)005984 | NO.(648), MERCHANT ROAD, GROUND FLOOR, PABEDAN TOWNSHIP, YANGON REGION |
| ၂၅၁ | THUHTAY THAR COMPANY LIMITED | U Myo Min San | 7/PAMANA(N)140759 | MINE YU VILLAGE, MINE YU (105) MILE VILLAGE GROUP, MUSE TOWNSHIP, SHAN STATE |
| ၂၅၂ | THUWUNNA BUMI NET THAN COMPANY LIMITED. | Daw Thidar Oo | 12/PABATA(N)018436 | AKWET 48/49, BETWEEN (57X58)& (19X20)STREET, MINGALAR OU YIN WARD, NAN SHAE, AUNG MYAY THAR ZAN TOWNSHIP, MANDALAY REGION |
| | | U Phyo Tun Zaw | 12/SAKHANA(N)064815 | |
| ၂၅၃ | TIGER DAI COMPANY LIMITED | U Sai Thiha Nge | 13/THAPANA(N)066336 | NALMYAY(4)YWAR MA-MAN MAW ROAD, MINE YU, (105)MILE TRADE ZONE, MUSE TOWNSHIP, SHAN STATE |
| ၂၅၄ | Tiger Tun Co., Ltd | Daw Htike Htike San | 12/DAGATA(N)072971 | NO.(628). MOE MAKHA STREET, SOUTH DAGON INDUSTRIAL ZONE, YANGON REGION |
| ၂၅၅ | TOE HTET HLAING COMPANY LIMITED | U Myo Min Htet | 5/KHAOUTA(N)109396 | INTERNET STREET, MIN YU (105) MILE, MUSE TOWNSHIP, SHAN STATE |
| ၂၅၆ | TONG FU COMPANY LIMITED. | U Ko Ko Aung | 14/AHMANA(N)016812 | NAWADAY HOUSING, AKWET(21), NO(9), WARD NO(6), HLAING THARYAR TOWNSHIP, YANGON REGION |
| | | U Li Pauk Phoo | 13/LAYANA(N)084685 | |
| ၂၅၇ | TONG HONG COMPANY LIMITED | Mr.Li , Hongxin | EJ1078163 | KYANSITTHAR MAIN ROAD, NO.(1434), 13-WARD, EAST DAGON TOWNSHIP, YANGON REGION |
| | | U Thant Sin | 12/YAPATHA(N)024831 | |
| ၂၅၈ | TONGDA METAL MATERIALS COMPANY LIMITED | U Than Zaw Htwe | 12/KAMANA(N)100535 | NO.(22), U CHAIN STREET, DAGON SEIKKAN INDUSTRY ZONE(3), DAGON SEIKKAN TOWNSHIP, YANGON REGION |
| ၂၅၉ | TOP FORM MYANMAR COMPANY LIMITED. | Mr. Apiwat Chatphan | AA6353196 | MYITTA LIN MYAING ROAD, NO 614, AUNG CHAN THAR QUARTER, MYITTA LIN MYAING VILLAGE, MYAWADDY, KAYIN STATE |
| | | Mr. Michael Allen Lurer | A34749296 | |
| | | Mr. Wong Kai Chi Kenneth | KJ0391612 HKSAR | |
| ၂၆၀ | TREASURE SPHERE TRADING PRIVATE CO., LTD | U San Myint Aung | 12/MAGADA(N)095705 | KANYINPYIN CREEK, NO.665-D, LET YET SAN VILLAGE, THANLYIN TOWNSHIP, YANGON REGION |
| ၂၆၁ | TRI IRON COMPANY LIMITED. | Daw Thuzar Win | 12/MAGADA(N)209527 | NO.(2), 4TH STREET, KWET THIT QUARTER, INSEIN TOWNSHIP, YANGON REGION |
| ၂၆၂ | TRUE & TRUST MYANMAR COMPANY LIMITED | U Zin Maw Pyae | 12/DAGASA(N)009314 | 41ST (LOWER BLOCK), FIRST FLOOR (LEFT), BUILDING NO(44), BOTATAUNG TOWNSHIP, YANGON REGION |
| ၂၆၃ | TUN MYANMAR BRILLIANT COMPANY LIMITED. | Daw Khing Pann Phyu | 9/MAHTALA(N)183790 | CORNER OF AUNG ZEYA STREET & MOE KAUNG ROAD, ROOM 504, TOWER G, SHWE MOE KAUNG CONDO, YANKIN TOWNSHIP, YANGON REGION |
| | | U Thant Zin Oo | 12/AHSANA(N)161439 | |
| | | U Ye Lin Tun | 12/TAMANA(N)099318 | |
| ၂၆၄ | TUN THITE SA COMPANY LIMITED. | U Aung Nay Oo | 12/KAHAKA(N)062232 | PYIN SI MINTHAR GYI STREET, NO.(140/141), SHWE LINBAN INDUSTRIAL ZONE, HLAING THAR YAR TOWNSHIP, YANGON REGION. |
| | | U Lin Kyaw Min | 12/PABATA(N)029159 | |
| ၂၆၅ | U & ME MYANMAR COMPANY LIMITED. | U Pyae Phone Han | 12/DAGAHSA(N)005003 | 41 STREET, LOWER BLOCK, RM 11-15 (GROUND FLOOR), BOTATAUNG TOWNSHIP, YANGON REGION |
| | | U Zin Maw Pyae | 12/DAGAHSA(N)009314 | |
| ၂၆၆ | U Hla Maung Thar Family Co., Ltd | U Kyaw Pawe | 9/MATHANA(N)029487 | YANGONG MANDALAY ROAD, INNGONE, KYAUKSE TOWNSHIP, MANDALAY REGION |
| ၂၆၇ | U Kyaw Htay Family Co., Ltd | U Thurain Zaw | 3/MAWATA(N)071217 | NO.(116/A), CHIN TWIN STREET, SOUTH DAGON INDUSTRIAL ZONE, YANGON REGION. |
| ၂၆၈ | UNITED STANDARD COMPANY LIMITED | U Kyaw Zin @ Lout Kwae | 9/MAKANA(N)147604 | NO.297/0, YANGON MANDALAY OLD ROAD, PYAWBWE TOWNSHIP, MANDALAY REGION |
| | | Yu Wai Khine | 14/PATHANA(N)247957 | |
| ၂၆၉ | Universal Apex Networks Co., Ltd | U Kyaw Htet Lin | 12/DAGAYA(N)014598 | KYAN SIT THAR MAIN ROAD, NO.002, UNIT#04-01, UNIVERSITY AVENUE HOUSING, 110 WARD, EAST DAGON TOWNSHIP, YANGON REGION |
| ၂၇၀ | WAI KYAW LIN CO., LTD. | Daw Aye Aye Nyein | 11/PANGATA(N)096112 | PEARL STREET, NO.218, INSEIN TOWNSHIP, YANGON REGION |
| ၂၇၁ | Wei Thar Khar Mya Lay Sein Co., Ltd | Daw Aye Mya Mya Kyaw | 5/KALATA(N)000744 | 12TH STREET, MIDDLE BLOCK, NO (36), FOURTH FLOOR, WARD NO(5), LANMADAW TOWNSHIP, YANGON REGION |
| ၂၇၂ | WIN YADANAR MIN COMPANY LIMITED | U Si Thu Aung | 8/MATHANA(N)084212 | NO (733/B), KYUN SHWE MYAING (10) STREET, 18/C QUARTER, SOUTH DAGON TOWNSHIP, YANGON REGION |
| ၂၇၃ | WORLD MOUNTAIN EVEREST ENGINEERING GROUP COMPANY LIMITED | Daw Khin Moe Wai | 12/LAKANA(N)255782 | MINE YU (105) MILE, MUSE TOWNSHIP, SHAN STATE |
| ၂၇၄ | WORLDWIDE GOLDEN DRAGON TRADING COMPANY LIMITED | Daw May Phyu Khin | 14/HATHATA(N)323248 | NO. 33(B), MYAY NU STREET, SANCHAUNG TOWNSHIP, YANGON REGION |
| ၂၇၅ | XIN CHANG CHEMICAL INDUSTRY COMPANY LIMITED. | Daw Nyo Nyo Than | 11/THATANA(N)104270 | NO. 106, ROOM NO. 302, BO MIN YAUNG STREET, NORTH DAGON TOWNSHIP, YANGON REGION |
| | | Mr. Wu Qian | E78414051 | |
| ၂၇၆ | XJ METAL MATERIALS COMPANY LIMITED | U Kyaw Moe | 14/NGAPATA(N)275160 | NO. 83, BETWEEN TAINGDA MINGYI STREET & YAZATHINGYAN STREET, 144 QURATER, DAGON MYOTHIT (EAST) TOWNSHIP, YANGON REGION |

စာမျက်နှာ ၁၇ သို့

## ပုသိမ်မြို့ပေါ်ရှိ စက်သုံးဆီဆိုင်များတွင် Bar Code/ QR Code စနစ်များဖြင့် စတင်ရောင်းချပေး

**ပုသိမ် မေ ၅**

ပြည်သူများ စက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ပြီး ပိုမိုပြည့်စုံစေသည့်စနစ်ဖြင့် Bar Code/ QR Code အသုံးပြုပြီး ယမန်နေ့နံနက်ပိုင်းမှစ၍ ပုသိမ်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ၄၃ ဆိုင်တွင် စက်သုံးဆီများကို ရောင်းချပေးလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် စက်သုံးဆီ အမှန်တကယ်လိုအပ်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်၍ လာရောက်ဝယ်ယူသည့် မော်တော်ယာဉ်များအတွက် Wheel Tax တွင် ပါရှိသည့် Bar Code နှင့် မော်တော်ဆိုင်ကယ်များအတွက် Wheel Tax ပါ အချက်အလက်များကို အသုံးပြုကာ QR Code ထုတ်ပေးပြီး Application ဖြင့်စစ်ဆေးသည့်နည်းလမ်းကို အသုံးပြု၍ စက်သုံးဆီများကို ရောင်းချပေးနေခြင်းဖြစ်သည်။



ထိုကဲ့သို့ Bar Code/ QR Code စနစ်များဖြင့် ပုသိမ်မြို့ပေါ်ရှိ စက်သုံးဆိုင်များတွင် ရောင်းချပေးနေမှုများကို တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပုသိမ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့ ပါဝင်သောအဖွဲ့က ပုသိမ်မြို့ပေါ်ရှိ Max energy၊ Winner Petro ဆီဆိုင်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လောင်းလုံးမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**လောင်းလုံး မေ ၅**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်တွင် မီးသတ်ဦးစီးဌာနက ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်စေရေးနှင့် မီးလောင်မှုမဖြစ်ပေါ်စေရေးအတွက် ရည်ရွယ်၍ ယမန်နေ့က လောင်းလုံးမြို့နယ်ကမြောကင်းကျေးရွာ၌ အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်အောင်ဦးက ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် လက်ရှိဖြစ်ပွားလျက်ရှိသော စက်သုံးဆီအခက်အခဲကြောင့် ပြည်သူလူထုများအနေဖြင့် နေအိမ်၊ ဆိုင်ခန်း၊ အလုပ်ရုံများတွင် စက်သုံးဆီ တရားမဝင်သိုလှောင်ခြင်းများ ပြုလုပ်နိုင်သည့်အတွက် မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးလောင်မှုမီးလန့်မှုများ မဖြစ်ပွားစေရန် မီးဘေးလှည့်လည် အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**သိန်းသိန်း(လောင်းလုံး)**



## အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းများသင်ကြားနေမှု ကြည့်ရှုအားပေး

**မော်လမြိုင် မေ ၅**

မော်လမြိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် တာဝန်ရှိသူများသည် မေ ၃ ရက်တွင် ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး၏ကဏ္ဍ တစ်ခုဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ စာသင်ဝိုင်းများတွင် စာသင်သားများ သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ မော်လမြိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့နယ် အခြေခံပညာကျောင်းများရှိ ပန်းပဲတန်းရပ်ကွက်၊ မရမ်းကုန်းရပ်ကွက်၊ ဘိုကုန်းရပ်ကွက် စာသင်ဝိုင်းများ၌ စာတတ်မြောက်ရေးသင်ကြား၊ သင်ယူလျက်ရှိသည့် နည်းပြများနှင့် သင်တန်းသားများကို အားပေးစကားပြောကြားပြီး စာသင်ဝိုင်းများအတွက် စာရေးကိရိယာပစ္စည်းများ ပေးအပ်သည်။

မေ ၂ ရက်မှ မေ ၁၁ ရက်အထိ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို မော်လမြိုင်မြို့နယ်၌ စာသင်သား ၅၀၄ ဦး၊ စာသင်ဝိုင်း ၄၂ ဝိုင်း၊ နည်းပြဆရာမ ၄၂ ဦး၊ ကြီးကြပ်သူ ၄၂ ဦးဖြင့် ရက်ပေါင်း ၄၀ ကြာ သင်ကြားခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ခန္တီးမြို့၌ ဈေးမီးဘေးလုံခြုံရေးလိုက်လံစစ်ဆေး

**ခန္တီး မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ မြို့မမင်္ဂလာဈေး၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ယနေ့ နံနက် ၉ နာရီက လိုက်လံစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်မျိုးဝင်း ဦးဆောင်၍ ပူးပေါင်းအဖွဲ့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ခြင်းရှိ/မရှိလိုက်လံစစ်ဆေးခဲ့ပြီး ဈေးအတွင်း ရေကန်သိုလှောင်ထားရှိမှုများ၊ မီးသတ်ဆေးဘူး ဆောင်ရွက်ထားရှိမှုများနှင့် ဈေးပတ်ဝန်းကျင်တွင် မီးလောင်မှုဖြစ်ပွားစေနိုင်သည့်နေရာများကို လိုက်လံစစ်ဆေးခဲ့သည်။ **ကမ်းကီး(ပြန်/ဆက်)**



## တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်ကျွမ်းမှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်၊
(ခ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်၊
(ဂ) ဆေးလိပ်မီး အကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုလုပ်ရန်၊
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊
(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

စာမျက်နှာ ၁၆ မှ

| | | | | |
|---|---|---|---|---|
| ၂၇၇ | Yadanar Htay Htay Kyewl Co., Ltd | Daw Jue Jue Hlaing | 14/WAKHAMA(N)281773 | NO. 193, SABAL STREET, HLAING THAR YAR INDUSTRIAL ZONE, YANGON REGION |
| ၂၇၈ | Ye Waddy Khit Trading Co., Ltd | U Kyaw That Khaing | 5/AHYATA(N)174126 | CORNER 46 ST X 109 ST, TUN TONE QUARTER, CHAN MYA THAR ZI TOWNSHIP, MANDALAY REGION |
| ၂၇၉ | YE YINT THITSAR COMPANY LIMITED. | Daw Hnin Nwe Aye | 9/PAMANA(N)148400 | 34TH STREET, NO. 177, 5TH FLOOR, SHWE OU DAWN MIN CONDO, KYAUKTADA TOWNSHIP, YANGON REGION |
| ၂၈၀ | YON HUA COMPANY LIMITED. | Mr. Kang Yarong | E44985811 | YOMA YEIK THAR STREET, NO. 27, KYAN SIT THER INDUSTRIAL ZONE, DAGON MYHOTHIT (SOUTH) TOWNSHIP, YANGON REGION |
| | | Daw Lu Lu Aung | 1/MAKATA(N)129961 | |
| ၂၈၁ | YOUR MUSIC COMPANY LIMITED. | U Pyae Sone Aung | 3/KAKAYA(N)166892 | NO(26),THIT SAR STREET, (5) QUARTER, HLAING THAR YAR TOWNSHIP, YANGON REGION |
| | | U TIN WIN | 9/MALANA(N)008163 | |
| ၂၈၂ | ZABU PAI HTUN COMPANY LIMITED. | Daw Ei Ei Nyein | 9/MAHAMA(N)023399 | NO (262/8), BETWEEN (31X32) STREET, BETWEEN (85X86) STREET, MALON HTAN HLYAT TAN, CHANAYETHARZAN TOWNSHIP, MANDALAY REGION |
| | | U Sa Thet Pai Phyo | 14/WAKAMA(N)123080 | |
| ၂၈၃ | ZARNI KHIN MG LATT COMPANY LIMITED. | U Thet Paing Nyein | 6/MAMANA(N)148402 | THAN MA SAKE TA STREET, NO 69, YAR PYAE QUARTER, MYEIK TOWNSHIP, TANINTHARYI REGION |
| ၂၈၄ | Zaw Star Co., Ltd | U Myo Min Htwe | 14/PASALA(N)072547 | NO.266, MIN YE KYAW SWAR STREET, MYANGTAGAR INDSTRIAL ZONE, HMAWBI TOWNSHIP, YANGON REGION |
| ၂၈၅ | ZAY BONE KHANT EXPORT & IMPORT TRADING COMPANY LIMITED | Daw Sandi Oo | 3/MAWATA(N)026931 | NO.5, PAW SON HMWE STREET, MYAWADDY, KAYIN STATE |
| ၂၈၆ | ZIN MIN THU COMPANY LIMITED | Daw Cho Thae' | 6/KATHANA(N)085816 | 54 ST, BET (HNINSE AND GANDAMAR)ST, U PAING NO(12-KHA), BLOCK NO (BALATCHIKE-25), MYAYENANDAR QR, CHANMYATHARSI TS, MANDALAY REGION |
| | | U Chit Ko | 8/YASAKA(N)184337 | |
| ၂၈၇ | ZIN TRADING YGN COMPANY LIMITED | U Ohn Than | 14/BAKALA(N)085132 | U SHWE BIN STREET, BUILDING (2), ROOM (203), SHWE GANDAMAR HOUSING, SHWE PYI THAR, YANGON REGION |

# အီးအမ်၊ မြေဆွေးနှင့် ဘိုကာရှီ - မြန်မာ့စိုက်ပျိုးရေးအတွက် ရေရှည်တည်တံ့သော ဖြေရှင်းနည်း

ယုယုမင်း

ယနေ့ခေတ် စိုက်ပျိုးရေးကဏ္ဍတွင် ဓာတ်မြေဩဇာအသုံးချမှုသည် အလွန်ကျယ်ပြန့်လာခဲ့သော်လည်း ယင်းနှင့်အတူ ဈေးနှုန်းမြင့်တက်မှု၊ ကုန်ကျစရိတ်များ တိုးမြင့်လာမှု၊ လောင်စာဆီ ရှားပါးမှုနှင့် သယ်ယူပို့ဆောင်ရေးအခက်အခဲများကြောင့် စိုက်ပျိုးထုတ်လုပ်သူများအတွက် စိန်ခေါ်မှုများ ပိုမိုများပြားလာနေသည်။ ထို့အပြင် ဓာတ်မြေဩဇာများကို အသုံးပြုမှုမညီမျှခြင်းသည် မြေဆီလွှာ၏ သဘာဝအရည်အသွေးကို ထိခိုက်စေပြီး ရေရှည်တွင် ထုတ်လုပ်မှုစနစ်အပေါ် မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။

> ❍ ယနေ့ခေတ်တွင် ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာခြင်းနှင့်အတူ စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းများသည် ပြောင်းလဲမှုလိုအပ်နေပြီ ဖြစ်သည်။ ထိုအချိန်တွင် အီးအမ်၊ မြေဆွေးနှင့် ဘိုကာရှီတို့ကဲ့သို့ သဘာဝအခြေပြုနည်းလမ်းများသည် ကုန်ကျစရိတ်သက်သာစေခြင်းသာမက မြေဆီလွှာကျန်းမာရေးကို ပြန်လည်တည်ဆောက်ပေးနိုင်သည့် ဖြေရှင်းနည်းတစ်ရပ်ဖြစ်ကြောင်း ထင်ရှားစေသည်။ ထို့ကြောင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ရည်မှန်းပါက သဘာဝနှင့်ကိုက်ညီသော ဤနည်းလမ်းများကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုသင့်

ဤအခြေအနေတွင် ဒေသတွင်း ရရှိနိုင်သော အရင်းအမြစ်များကို အသုံးပြု၍ ပြုလုပ်နိုင်သော သဘာဝမြေဆွေး၊ အီးအမ်(EM) အသုံးပြုမြေဆွေးနှင့် ဘိုကာရှီနည်းလမ်းများသည် ကုန်ကျစရိတ်သက်သာပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အရေးပါသည့် ရွေးချယ်မှုများအဖြစ် ပိုမိုထင်ရှားလာသည်။

မြေဆီလွှာသည် သက်ရှိဂေဟစနစ်တစ်ခုဖြစ်ပြီး အတွင်းရှိ သာမန်မျက်စိဖြင့် မမြင်နိုင်သော အလွန်သေးငယ်သည့် အဏုဇီဝသက်ရှိများသည် အော်ဂဲနစ်ပစ္စည်းများကို ချေဖျက်ကာ အပင်များ အသုံးပြုနိုင်သော အာဟာရဓာတ်များအဖြစ် ပြောင်းလဲပေးသည်။ ဗက်တီးရီးယား၊ မှိုနှင့် အခြားအဏုဇီဝများသည် နိုက်ထရိုဂျင်၊ ဖော့စဖရပ်စ်နှင့် ပိုတက်စီယမ်ကဲ့သို့သော အရေးကြီးသည့် အာဟာရဓာတ်များ၏ လည်ပတ်မှုတွင် အဓိကအခန်းကဏ္ဍ ထမ်းဆောင်ကြသည်။ ထို့ကြောင့် မြေဆီလွှာကို "အသက်ရှိသောစနစ်"အဖြစ် သဘောထားကာ ၎င်းအတွင်းရှိ အဏုဇီဝလှုပ်ရှားမှုကို ထိန်းသိမ်းမြှင့်တင်ပေးခြင်းသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေး နည်းလမ်းအတွက် မဖြစ်မနေလိုအပ်သည်။

မြေဆွေးသည် အော်ဂဲနစ်ပစ္စည်းများကို အဏုဇီဝသက်ရှိများ၏ လုပ်ဆောင်မှုဖြင့် ဆွေးမြည့်စေပြီး မြေဩဇာအဖြစ် ပြောင်းလဲထားသောပုံစံဖြစ်သည်။ အော်ဂဲနစ်ပစ္စည်းများဖြစ်သော မီးဖိုချောင်အမှိုက်များ၊ သစ်ရွက်ခြောက်များ၊ စိုက်ပျိုးရေးအကြွင်းအကျန်များနှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ပြုလုပ်နိုင်ပြီး ၎င်းသည် မြေဆီလွှာအတွင်း humus ပါဝင်မှုပမာဏကို တိုးပွားစေသည်။ ထိုသို့ဖြင့် မြေဆွေးသည် အပင်များအတွက် အာဟာရဓာတ်ပံ့ပိုးပေးသည့်အပြင် မြေသားကို ပိုမိုပျော့ပျောင်းစေပြီး ရေထိန်းနိုင်စွမ်းနှင့် ရေစိမ့်ဝင်နိုင်စွမ်း၊ လေဝင်လေထွက်ကောင်းမွန်မှုတို့ကို မြှင့်တင်ပေးရာတွင် အရေးပါသည်။

အီးအမ် (EM) သည် အကျိုးပြုအဏုဇီဝသက်ရှိများကို စုပေါင်းထားသည့် သက်ရှိပျော်ရည်ဖြစ်သည်။ ယင်းတွင် လက်တစ်အက်စစ် ဗက်တီးရီးယား (Lactic acid bacteria)၊ တဆေးမှို (Yeast)၊ အက်တီနိုမိုင်းစိ ဗက်တီးရီးယား (Actino-myces bacteria) နှင့် အလင်းစွမ်းအင်သုံး ဗက်တီးရီးယား(Photosynthetic bacteria)တို့ အဓိကပါဝင်ပြီး အခြားအချဉ်ဖောက်နိုင်စွမ်းရှိသော မှိုအုပ်စု (Aspergillus၊ Penicillium)တို့လည်း ပါဝင်ပါသည်။ သက်ရှိတို့၏ စုပေါင်းလုပ်ဆောင်ချက်များကြောင့် လယ်ယာစွန့်ပစ်ပစ္စည်းများဖြစ်သော ကာဗွန်ဓာတ်ကြွယ်ဝသည့် ကောက်ရိုး၊ ပဲရိုး အစရှိသည်တို့ကို လျင်မြန်စွာ ဆွေးမြည့်စေရုံသာမက မြေဆွေးဖြစ်စဉ်တစ်လျှောက်တွင် အနံ့ဆိုးလျော့နည်းစေခြင်း၊ ပုပ်သိုးမှုကို ထိန်းချုပ်ခြင်းနှင့် အာဟာရဆုံးရှုံးမှု လျှော့ချခြင်းတို့ကို အထောက်အကူပြုပြီး မြေဆီလွှာအတွင်းရှိ အဏုဇီဝများ၏ လှုပ်ရှားမှုကို ပိုမိုတိုးတက်စေသည်။ ထိုအကျိုးသက်ရောက်မှုများကြောင့် သီးနှံပင်များ၏ ကြီးထွားမှုနှင့် အထွက်နှုန်းကို ကောင်းမွန်စေသည်။

## ဘိုကာရှီသည် အီးအမ်ကို အခြေခံ၍ ပြုလုပ်သည့် နည်းလမ်းတစ်ခုဖြစ်

ဘိုကာရှီ(ဂျပန်ဘာသာစကားအသံထွက်)သည် အီးအမ်ကို အခြေခံ၍ ဖွဲနု၊ စပါးခွံနှင့် အော်ဂဲနစ်အကြွင်းအကျန်များကို လေမဲ့အချဉ်ဖောက်ခြင်းဖြင့် ပြုလုပ်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ထူးခြားချက်မှာ အချိန်တိုအတွင်း ပြုလုပ်နိုင်ခြင်း၊ အနံ့ဆိုးထွက်ရှိမှုနည်းခြင်းနှင့် လုပ်ဆောင်ရလွယ်ကူခြင်းတို့ဖြစ်ပြီး မြို့ပြအိမ်ထောင်စုများ၊ ကျောင်းများနှင့် အသေးစားစိုက်ခင်းများတွင် အသုံးချရန် အလွန်သင့်တော်သည်။

ထိုအဏုဇီဝအစုအဝေးများကို ဇီဝလှုံ့ဆော်ပစ္စည်း(Biostimulant)အဖြစ် မြေကြီးထဲသို့ တိုက်ရိုက်ထည့်၍ အသုံးပြုနိုင်ပါသည်။ ထို့ပြင် ရွက်ဖျန်းအားဆေးအဖြစ်လည်း ပြောင်းလဲအသုံးပြုနိုင်ပြီး သီးနှံပင်များ၏ ပင်ပိုင်းကြီးထွားမှုကို အားပေးခြင်း၊ အရွက်များ ကျန်းမာကောင်းမွန်စေခြင်း၊ ပန်းပွင့်ခြင်းနှင့် သီးတင်မှုများကို တိုးတက်စေခြင်းတို့အပြင် ပိုးမွှားကျရောက်မှုကိုလည်း လျော့နည်းစေနိုင်သည်။ ထိုသို့သော ဇီဝပစ္စည်းများကို အသုံးပြုခြင်းသည် ဓာတုကင်းလွတ်သော စိုက်ပျိုးရေးသို့ ဦးတည်နိုင်ရန် အထောက်အကူပြုသည်။

မြို့ပြဒေသများတွင် နေ့စဉ်ထွက်ရှိနေသော အစားအစာအကြွင်းအကျန်များနှင့် အော်ဂဲနစ်အမှိုက်များကို စနစ်တကျစုဆောင်း၍ မြေဆွေးသို့မဟုတ် ဘိုကာရှီအဖြစ် ပြောင်းလဲအသုံးချနိုင်ပါက အမှိုက်ပမာဏကို လျှော့ချနိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အရေးပါသော အထောက်အကူဖြစ်လာနိုင်သည်။ ထိုမြေဆွေးများကို အိမ်ခြံဝင်းစိုက်ပျိုးရေး၊ အိမ်ခေါင်မိုးစိုက်ပျိုးရေးနှင့် ရပ်ရွာစိုက်ပျိုးရေး အစရှိသည့် မြို့ပြစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်သည်။

## လယ်သမားများအား ဘိုကာရှီပြုလုပ်နည်း သင်ကြားပေးခြင်းသည် အရေးကြီး

သဘာဝမြေဩဇာနည်းလမ်းများကို ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန်အတွက် အသိပညာပေးမှုများ ယခုထက် ပိုမိုတိုးမြှင့်ရန် လိုအပ်သည်။ လယ်သမားများနှင့် မြို့ပြနေပြည်သူများအား အကျိုးပြုအဏုဇီဝသက်ရှိများ အသုံးပြု၍ မြေဆွေးနှင့် ဘိုကာရှီပြုလုပ်သည့်နည်းလမ်းများကို လက်တွေ့သင်ကြားပေးခြင်းသည် အရေးကြီးသည်။

အစိုးရနှင့် အဖွဲ့အစည်းများအနေဖြင့်လည်း အော်ဂဲနစ်စိုက်ပျိုးရေးကို ပံ့ပိုးပေးရန်၊ သုတေသနနှင့် လက်တွေ့ပေါင်းစပ်မှုများကို တိုးမြှင့်ရန်နှင့် အော်ဂဲနစ်ထုတ်ကုန်များအတွက် ဈေးကွက်ချိတ်ဆက်မှုများကို တည်ဆောက်ပေးရန် အထူးလိုအပ်သည်။ ဤသို့သော ပံ့ပိုးမှုများရှိမှသာ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် သဘာဝနည်းလမ်းများကို ယုံကြည်စွာ ဆက်လက်အသုံးပြုနိုင်မည်ဖြစ်သည်။

ယနေ့ခေတ်တွင် ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာခြင်းနှင့်အတူ စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများသည် ပြောင်းလဲမှုလိုအပ်နေပြီဖြစ်သည်။ ထိုအချိန်တွင် အီးအမ်၊ မြေဆွေးနှင့် ဘိုကာရှီတို့ကဲ့သို့ သဘာဝအခြေပြုနည်းလမ်းများသည် ကုန်ကျစရိတ်သက်သာစေခြင်းသာမက မြေဆီလွှာကျန်းမာရေးကို ပြန်လည်တည်ဆောက်ပေးနိုင်သည့် ဖြေရှင်းနည်းတစ်ရပ်ဖြစ်ကြောင်း ထင်ရှားစေသည်။ ထို့ကြောင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ရည်မှန်းပါက သဘာဝနှင့်ကိုက်ညီသော ဤနည်းလမ်းများကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုသင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။



**ကိုးကား**

- FAO (FOOD AND AGRICULTURE ORGANIZATION) (၂၀၀၅) – မြေဆီလွှာ အော်ဂဲနစ်ပစ္စည်း၏ အရေးပါမှုနှင့် စိုက်ပျိုးရေးအတွက် အသုံးဝင်မှု
- Teruo Higa and James. F. Parr. (၁၉၉၄)– အကျိုးပြုအဏုဇီဝများနှင့် ရေရှည်စိုက်ပျိုးရေးသုတေသနစာတမ်း
- ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးအဏုဇီဝဗေဒဌာန (၂၀၁၉) – Applied Microbiology II သင်ရိုးစာအုပ်



**အီးအမ်တွင် ပါဝင်သော အဓိကအကျိုးပြုအဏုဇီဝသက်ရှိများ**




လက်တစ်အက်ဆစ် ဘက်တီးရီးယား (Lactic acid bacteria)



တဆေးမှို (Yeast)




အက်တီနိုမိုင်းစိ ဘက်တီးရီးယား (Actinomyces bacteria)



အလင်းစွမ်းအင်သုံး ဘက်တီးရီးယား (Photosynthetic bacteria)




အချဉ်ဖောက်လုပ်ငန်းစဉ်တွင် ပါဝင်သောမှို (Penicillum)



အချဉ်ဖောက်လုပ်ငန်းစဉ်တွင် ပါဝင်သောမှို (Aspergillus)

**အီးအမ်ပျော်ရည် ပြုလုပ်ပုံ အဆင့်ဆင့်**



# အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏာဝိသိဋ္ဌပူဇော်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၅

နိုင်ငံတော်မှချီးမြှင့်သည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိခဲ့သည့် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစာရိတ္တအား ဂုဏာဝိသိဋ္ဌပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနာ့ ဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ မိတ္ထီလာဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များကို ဧည့်ပရိသတ်များက နာယူကြသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဒေါက်တာဘဒ္ဒန္တစာရိတ္တ၏ ထေရုပ္ပတ္တိကိုဖတ်ကြားကာ ထုတိဝေဒလွှာကို ရွတ်ဖတ်ပူဇော်ပြီး အလှူရှင်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် သာသနာ့ဓဇ ဓမ္မာစရိယဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ မဇ္ဈိမနိကာယဝိဒူ ဒေါက်တာဘဒ္ဒန္တစာရိတ္တအား ဘွဲ့တံဆိပ်တော်အဆောင်အယောင်များ ဆက်ကပ်၍ ပူဇော်ဖွယ်ရာအဖြာဖြာတို့ဖြင့် ပူဇော်ကြသည်။



ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ မိတ္ထီလာဆရာတော်မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပေါင်မြို့နယ်၌ စူဠဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

ပေါင် မေ ၅

မွန်ပြည်နယ် ပေါင်မြို့နယ်၌ နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ၂၀၂၅ ခုနှစ် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်သော စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကဒါရပ်ကွက် သာသနာ့ဗိမာန်တော်ကြီး၌ ပြုလုပ်ရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒာဘိဝံသနှင့် ပင့်ဖိတ်ဆရာတော်ကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ စာအောင်သံဃာတော်များနှင့် စာအောင်သီလရှင်များ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ တက်ရောက်ခဲ့ကြသည်။



ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ဘွဲ့တံဆိပ်ရရှိကြသည့် ဆရာတော်ကြီးများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး ၂၀၂၅ ခုနှစ် စာအောင်သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၇၆ ပါးတို့အား ဘွဲ့တံဆိပ်နှင့် ဆုများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး ဆွမ်းဆန်စိမ်းများလောင်းလှူခဲ့ကြောင်း သိရသည်။ မွန်မလေး(ပြန်/ဆက်)

## မိုင်းရယ်မြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

မိုင်းရယ် မေ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းရယ်မြို့နယ်၌ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဗဟိုမဏ္ဍပ်ဆောက်လုပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

မိုင်းရယ်မြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ပြည်သူများ ပျော်ရွှင်စွာရေကစားနိုင်ရေးနှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဆင်နွှဲနိုင်ရန်အတွက် ရေကစားမဏ္ဍပ်များ ဆောက်လုပ်ခြင်း၊ မြို့ပေါ်ရပ်ကွက်များမှ ယိမ်းအဖွဲ့များဖြင့် ဖျော်ဖြေခြင်း၊ သနပ်ခါး သင်္ကြန်ဆင်နွှဲခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ပျော်ရွှင်စွာ ရေကစားခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မိုင်းရယ်(ပြန်/ဆက်)



## မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန်ကို ဇုန်များအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မန္တလေး မေ ၅

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလ အတွင်း မန္တလေးမြို့ရှိ သင်္ကြန်ချစ်သူပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်ကို ဇုန်များအလိုက် ဆန်းသစ်သည့် အစီအစဉ်ကောင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ မင်္ဂလာမန္တလေး လမ်းလျှောက် သင်္ကြန်ဇုန်အတွင်း Floating Street ဇုန်၊ Star Light Street ဇုန်၊ Flower Streetဇုန်နှင့် Water Street ဇုန် စသည်ဖြင့် ဇုန်များအလိုက် သတ်မှတ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် ရိုးရာလက်မှုပညာရပ်များ၊ ယခင်နှစ်များနှင့် မတူညီသည့် ဒီဇိုင်းများဖြင့် ခမ်းနားထည်ဝါစွာ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း Mandalay Management Coperation မှ Managing Director ဦးစိုးနိုင်က ပြောသည်။

"ကျွန်တော်တို့ ဇုန်တွေအတွင်းမှာပဲ သနပ်ခါးယဉ်ကျေးမှုအတွက်ကိုလည်း ရေပက်ခံလာတဲ့သူတွေကို သနပ်ခါးလိမ်းလို့ရအောင် သနပ်ခါးကျောက်ပျဉ်တွေ ချထားပေးမယ်။ နောက်ပြီး ဇုန်များအလိုက် ထီးတွေနဲ့ အလှဆင်တာတွေ၊ မြန်မာ့ရိုးရာအစဉ်အလာမပျက် ရေလောင်းနိုင်ဖို့ လောင်းလှေတွေလည်း စီစဉ်ပေးသွားမှာပါ။ တခြားထူးခြားတဲ့ အစီအစဉ်တွေလည်း ရှိပါသေးတယ်" ဟု ပြောသည်။

ထို့ပြင် ယခုနှစ်တွင် ပြည်သူများ ပင်ပန်းခဲ့သမျှ ပြေပျောက်၍ ပိုမို အပန်းဖြေစေလိုသည့် ရည်ရွယ်ချက်ဖြင့် မဏ္ဍပ်ကိုလည်း ခမ်းနားထည်ဝါစွာ တည်ဆောက်နေပြီး နိုင်ငံကျော်အဆိုတော်ပေါင်းများစွာဖြင့် သင်္ကြန်ကာလအတွင်း ဖျော်ဖြေသွားမည်ဖြစ်ကာ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများကိုလည်း သင်္ကြန်အကြိုနေ့မှစတင်၍ နေ့စဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန်ဇုန်အတွင်း စွမ်းအင်ချွေတာသည့်အနေဖြင့် ဆိုလာပါဝါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သင်္ကြန်ချစ်သူပြည်သူများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အလှအပများ၊ ဖျော်ဖြေရေး အစီအစဉ်ကောင်းများကိုခံစားရင်း သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာအတူတကွ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်း ရှိ မရှိ၊
(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကိုကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊
(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့်ရှင်းလင်းဖော်ပြတဲ့နေရာမှာ မသိမဖြစ်သိထားသင့်တဲ့ Case of Nouns (ဝါကျတွင် နာမ်များကို ထားသိုအသုံးပြုပုံ)ကို နမူနာဝါကျများနဲ့ ရှင်းလင်းဖော်ပြပေးလိုက်ရုံသာမက ပိုပြီးနားလည်သဘောပေါက်စေရန် လေ့ကျင့်ခန်းများနဲ့လည်း ထပ်မံအားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about intention–III (ရည်ရွယ်ချက်တွေကို ဘယ်လိုပြောမလဲ။) ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**(၄) Possessive Case (ပိုင်ဆိုင်မှုကိစ္စကိုဆောင်ရွက်ခြင်း)**

– "s" နဲ့မဆုံးတဲ့ အနည်းကိန်းနဲ့ အများကိန်းနာမ်ကို ပိုင်ဆိုင်မှုကိစ္စဆောင်ရွက်စေလိုပါက " 's" ပေါင်းပါ။ ဥပမာ။

– People's desire
– The children's books
– Men's coats
– My friend's house
– Boy's shirt
– Child's socks

– "s" နဲ့ဆုံးတဲ့ အများကိန်းနာမ်ကိုပိုင်ဆိုင်မှုကိစ္စဆောင်ရွက်စေလိုပါက " s' " သာထည့်ရမည်။ ဥပမာ။

– The birds' nest
– The girls' clothes

– ပိုင်ဆိုင်သူသည် လူသို့မဟုတ် တိရစ္ဆာန်ဖြစ်လျှင် ပိုင်ဆိုင်သူ၏နောက်တွင် " 's " ထည့်ရမည်။ ဥပမာ။

– Daw Khin's necklace
– Phyu Phyu Kyaw Thein's songs
– My cat's name

– ပိုင်ဆိုင်သူသည်သက်မဲ့ပစ္စည်းဖြစ်လျှင် " of " ကို သုံးသည်။ ဥပမာ။

– The history of Myanmar
– The colour of bag

– ခြွင်းချက်အနေနဲ့ သက်မဲ့အရာကို လူပုဂ္ဂိုလ်ကဲ့သို့ တင်စားပြောဆိုသည့်အခါ " 's " ကို သုံးနိုင်သည်။ ဥပမာ။

– Nature's Law
– Freedom's battle

– အရေအတွက်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုတဲ့ နာမ်များ၏ ပူးတွဲပိုင်ဆိုင်မှုကို ဖော်ပြလျှင် နောက်ဆုံးနာမ်နောက်မှာ " 's " ထည့်ပေးပါ။ ဥပမာ။

– Ko Ko and Mg Mg's shirts are blue.




– Chit Su is U Zaw Zaw and Daw Hla's daughter.
– John and Mary's bicycle

– အချိန်ပြအသုံးအနှုန်းများတွင်လည်း ပိုင်ဆိုင်မှု " ' "ကို သုံးသည်။ ဥပမာ။

– A day's leave
– An hour's thought
– A two–hours' journey

– အောက်ဖော်ပြပါ စကားစုများတွင်လည်း ပိုင်ဆိုင်မှု " ' " ကို သုံးသည်။ ဥပမာ။

– A stone's throw
– A hair's breadth
– In my mind's eye
– To my heart's content
– For mercy's sake
– Two hundred Kyats' worth of ice lolly

**Exercise (1) Rewrite the following sentences in the plural form.**

(1) A father enjoys his child's talk.
(2) A man's duty is to earn a living for his family.
(3) A student should not leave the room without the teacher's permission.
(4) My neighbour's dog barks at a stranger.
(5) Her daughter's conduct shocks her.
(6) The boy's bicycle is broken.
(7) My cousin's books are expensive.
(8) The man's car is at the repair shop.
(9) The woman's hairdresser is here.
(10) The baby's pacifier is lost.

**Exercise (2) Correct the following sentences.**

(1) I borrow the correction pen of my friend.
(2) The right leg of the soccer player was injured.
(3) Have you read the life–story of General Aung San?
(4) Have you seen the latest film of Nay Toe?
(5) We study Aspect of Myanmar at university.

## VOCABULARY ENRICHMENT PROGRAMME

1. **a tall story = (ယုံတမ်းစကား)**
   After dinner she told me **a tall story** about her pet.
   ညစာစားပြီးနောက် သူ (မ)က ကျွန်တော့်ကို သူ (မ) ရဲ့အိမ်မွေးတိရစ္ဆာန်နဲ့ပတ်သက်ပြီး ယုံတမ်းစကားတစ်ခုပြောခဲ့တယ်။
2. **a thorn in one's flesh (တစ်ဦးဦးအတွက် ဆူးပြောင့်ခလုတ်)**
   He's been **a thorn in my flesh** ever since he joined this department.
   သူဒီဌာနမှာ စတင်အလုပ်လုပ်ကတည်းက သူဟာ (ငါ့အတွက်တော့) ဆူးပြောင့်ခလုတ်တစ်ခုပဲ။
3. **to hold one's tongue (ဘာမှမပြောဘဲ တိတ်တိတ်လေးနေသည်။)**
   If you **don't hold your tongue**, you'll have to go outside.
   မင်းဘာမှမပြောဘဲ မနေနိုင်ဘူးဆိုရင် အပြင်ထွက်သွားလိုက်ပါ။

## CONVERSATION



*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

### How to talk about intentions –III (ရည်ရွယ်ချက်တွေကို ဘယ်လိုပြောမလဲ။)

*I intend to …*
*I don't intend to …*
*I do not intend to …*
*I have every intention of …*
*I plan to …*
*I'm planning on …*

၁။ ကိုယ်ဘာလုပ်မလဲလို့ တိတိကျကျ ခိုင်ခိုင်မာမာ ပြောချင်ရင် I intend to … ဆိုပြီး ပြောနိုင်ပါတယ်။ ဒီပုံစံကို ပုံမှန်အခြေအနေတွေမှာ သုံးတာ အတော်အတွေ့များပါတယ်။

ဥပမာ–

– **I intend to** buy a new car as soon as possible.
– **I intend to** report the matter to the police.
– **I intend to** complain about the leaking tap to the manager of the hotel.

ဘာသာစကားရှုထောင့်

ကိုယ်ဘာလုပ်မလဲလို့၊ ကိုယ်ဘာရည်ရွယ်ထားသလဲလို့ တိတိကျကျခိုင်ခိုင်မာမာပြောချင်ရင် သုံးတဲ့ I intend to … ရဲ့ အငြင်းပုံစံကတော့ I don't intend to … သို့မဟုတ် I do not intend to … ပဲ ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ "ကိုယ်မရည်ရွယ်တော့ဘူး" ဆိုတာကို ပြောတဲ့သဘောပဲဖြစ်ပါတယ်။

ဥပမာ–

– **I don't intend to** ignore his rude behaviour.
– **I do not intend to** put up with this appalling treatment any longer.

ဒီနေရာမှာ I do not intend to ကိုပိုပြီး လေးလေးနက်နက်ပြောတဲ့အခါမှာ သုံးပါတယ်။

၂။ ကိုယ်ဘာလုပ်မလဲဆိုတာကို တိတိကျကျ ခိုင်ခိုင်မာမာ ဖော်ပြပြောဆိုတဲ့အခါမှာ သို့မဟုတ် ကိုယ်ဘာလုပ်မလဲဆိုပြီး ရည်ရွယ်ထားတာကို တိတိကျကျ ခိုင်ခိုင်မာမာ ဖော်ပြပြောဆိုတဲ့အခါမှာ နောက်ထပ်သုံးနိုင်တဲ့ အသုံးတစ်မျိုးကတော့ I have every intention of … ပဲ ဖြစ်ပါတယ်။ ဒီအသုံးကတော့ I intend to … အသုံးထက် ပိုပြီးလေးနက်ပါတယ်။ ဥပမာ–

– **I have every intention of** making an official complaint.
– **I have every intention of** carrying out my threat.
– **I have every intention of** finishing the task.

၃။ ပုံမှန်အခြေအနေမှာ ကိုယ်ဘာလုပ်ဖို့ ရည်ရွယ်ထားသလဲဆိုတာကို ဖော်ပြပြောဆိုတဲ့အခါမှာ ထပ်မံအသုံးပြုနိုင်တဲ့ ပုံစံတစ်မျိုးကတော့ I plan to … ပဲ ဖြစ်ပါတယ်။ I plan to … နေရာမှာ I'm planning on … ကိုလည်း သုံးနိုင်ပါတယ်။ ဆိုလိုတာကတော့ "ကျွန်တော် စီစဉ်ထားတယ်…" ဆိုတဲ့ သဘောပါပဲ။

ဥပမာ–

– **I plan to** rent out my flat when I'm abroad.
– **I plan to** take some time out after university before getting a job.
– **I'm planning on** a long holiday next year.

**Conversation**

**What are you going to do?**

**Sue:** Have you got any idea what your'e going to do when you leave university, Jane?

**Jane:** **I intend to** join Drama College after university. Mum and Dad only agree that I could go if I did a degree first because acting's such an uncertain profession.

**Jack:** I'm going to college as well, but **I have every intention of** taking a course in journalism.

**Anne:** **I don't intend to** take a course in engineering. **I plan to** do journalism, but my father says I should try and get a trainee job on a paper rather than going to college. He's a journalist. **I'll follow** his advice. I think.

# ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

ယခုအပတ် မေ ၈ ရက်၊ ၉ ရက် နံနက်ပိုင်းမှာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေကို ယှဉ်ပြိုင် ကစားသွားမှာ ဖြစ်ပါတယ်။ အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံတဲ့ပွဲစဉ်တွေ ပါဝင်နေတာကြောင့် ဘယ် အသင်းက ရလဒ်ကောင်း ရယူသွားနိုင်မလဲ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ချန်ပီယံလိဂ်ကွာတားဖိုင်နယ်**

ပထမအကျော့

ရီးရဲမက်ဒရစ် - ဘိုင်ယန်မြူးနစ်
စပို့တင်း - အာဆင်နယ်
ဘာစီလိုနာ - အေတီမက်
ပီအက်စ်ဂျီ - လီဗာပူး

## ရီးရဲမက်ဒရစ် VS ဘိုင်ယန် (နံနက် ၁း၃၀)

လတ်တလောခြေစွမ်းအရ ရီးရဲမက်ဒရစ်က အကျရောက်နေပြီး ပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်းက အတက်ဘက်ရောက်နေတယ်။ ကမ္ဘာ့အဆင့်ကစားသမားတွေ အများအပြားပိုင်ဆိုင်ထားတဲ့ အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် ခြေစွမ်းသာတဲ့အသင်းထက် အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရဖွယ်ရှိတယ်။

ထိပ်တိုက်တွေ့ဆုံမှု

| ရီးရဲမက်ဒရစ် | နောက်ဆုံးငါးပွဲရလဒ် | ဘိုင်ယန်မြူးနစ် |
|---|---|---|
| ၃ | ၂ | ၀ |
| နိုင် | သရေ | နိုင် |

## စပို့တင်း VS အာဆင်နယ် (နံနက် ၁း၃၀)

စပို့တင်းရဲ့ တိုက်စစ်က ထက်မြက်မှုရှိပြီး ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့တဲ့ နောက်ဆုံးသုံးပွဲမှာ တိုက်စစ်က ၁၃ ဂိုးအထိ သွင်းယူထားနိုင်တယ်။ အာဆင်နယ်က နောက်ဆုံးသုံးပွဲမှာ တိုက်စစ်က သုံးဂိုးသာ သွင်းယူထားနိုင်တယ်။ စပို့တင်းအသာရပြီး နောက်တစ်ဆင့်တက်ရေးအခွင့်အရေးကောင်း ပိုင်ဆိုင်နိုင်တယ်။

ထိပ်တိုက်တွေ့ဆုံမှု

| စပို့တင်း | နောက်ဆုံးငါးပွဲရလဒ် | အာဆင်နယ် |
|---|---|---|
| ၁ | ၂ | ၂ |
| နိုင် | သရေ | နိုင် |

## ဘာစီလိုနာ VS အေတီမက် (နံနက် ၁း၃၀)

လာလီဂါထိပ်တန်းအသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိတယ်။ ယခုပွဲစဉ်မှာ ဘာစီလိုနာအသင်းနဲ့ တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားမှုကို အေတီမက်အသင်း ချေဖျက်သွားနိုင်မလား သို့မဟုတ် ရှုံးကြွေးထပ်တင်ကာ နောက်တစ်ဆင့်တက်လှမ်းခွင့် မေးမှိန်သွားမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ထိပ်တိုက်တွေ့ဆုံမှု

| ဘာစီလိုနာ | နောက်ဆုံးငါးပွဲရလဒ် | အေတီမက် |
|---|---|---|
| ၄ | ၀ | ၁ |
| နိုင် | သရေ | နိုင် |

## ပီအက်စ်ဂျီ VS လီဗာပူး (နံနက် ၁း၃၀)

ပီအက်စ်ဂျီက ပုံမှန်ခြေစွမ်းပြသနိုင်တဲ့အသင်းဖြစ်ပြီး လီဗာပူးက ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေရတဲ့ အသင်းဖြစ်တယ်။ လတ်တလော ခြေစွမ်းအရ လီဗာပူးအသင်းထက် ပီအက်စ်ဂျီက ခြေစွမ်းသာလွန်ရှိတယ်။ ပီအက်စ်ဂျီအသင်းအိမ်ကွင်းမှာ လီဗာပူးအသင်း ခက်ခက်ခဲခဲ ရုန်းကန်ရနိုင်ပြီး မမျှော်လင့်ဘဲ ရှုံးပွဲကြုံတွေ့သွားနိုင်တယ်။

ထိပ်တိုက်တွေ့ဆုံမှု

| ပီအက်စ်ဂျီ | နောက်ဆုံးလေးပွဲရလဒ် | လီဗာပူး |
|---|---|---|
| ၂ | ၀ | ၂ |
| နိုင် | သရေ | နိုင် |

# ဂါနာအသင်းနည်းပြရာထူးအတွက် လျှောက်လွှာပေါင်း ၆၀၀ ကျော်ရှိဟုဆို



ဂါနာဘောလုံးအဖွဲ့ချုပ်(ဂျီအက်ဖ်အေ) သည် ထုတ်ပယ်ခံရသော နည်းပြ အော့တိုအက်ဒို၏ နေရာတွင် အစားထိုး ခန့်အပ်မည့်သူကို လာမည့်ရက်များအတွင်း ထုတ်ပြန်ကြေညာသွားမည် ဖြစ်ကြောင်း ဂျီအက်ဖ်အေဥက္ကဋ္ဌ ကာ့သ်အော့ရာကူ (ယာပုံ) က ပြောသည်။

ဂါနာအသင်းနည်းပြရာထူးအတွက် ပြည်တွင်း ပြည်ပ လျှောက်လွှာပေါင်း ၆၀၀ ကျော် လက်ခံရရှိထားကြောင်း ၎င်းက ဆက်လက်ပြောသည်။ ကမ္ဘာ့ဖလားအကြို ချစ်ကြည်ရေးခြေစမ်းပွဲများအဖြစ် ဩစတြီးယားနှင့် ဂျာမနီကို ဆက်တိုက်ရှုံးနိမ့်မှုအပါအဝင် ရလဒ်များဆိုးရွားမှုကြောင့် ဂျီအက်ဖ်အေက အက်ဒိုကို ဂါနာအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ခြင်း ဖြစ်သည်။

အက်ဒိုသည် ကာတာနိုင်ငံတွင်ကျင်းပခဲ့သည့် ၂၀၂၂ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂါနာအသင်းကို ဦးဆောင်ခဲ့သူဖြစ်သည်။ ထို့ပြင် ၎င်းသည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ခြေစစ်ပွဲအောင်မြင်အောင် ဂါနာအသင်းကို စွမ်းဆောင်ပေးထားနိုင်သည်။

ဂျီအက်ဖ်အေသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရန် နီးကပ်လာသည့်အချိန်တွင် နည်းပြသစ် ခန့်အပ်နိုင်ရေးအတွက် လျှောက်ထားသူများအား စိစစ်ရွေးချယ်ပြီး အင်တာဗျူးလုပ်ငန်းများ စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း သိရသည်။ နည်းပြသစ်ကို သီတင်းတစ်ပတ်မှ နှစ်ပတ်အတွင်း ခန့်အပ်သွားမည်ဖြစ်ကြောင်း အော့ရာကူက ပြောသည်။ ဂါနာအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ မေ ၂၃ ရက်နှင့် ဇွန် ၂ ရက်တွင် မက္ကဆီကို၊ ဝေးလ်အသင်းတို့နှင့် ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

# ပြင်သစ်က ကမ္ဘာ့အဆင့် (၁) နေရာသို့ ရှစ်နှစ်နီးပါးအတွင်း ပထမဆုံးအကြိမ် တက်လှမ်း

ပြင်သစ်အသင်းသည် မတ်လက ယှဉ်ပြိုင်ကစားခဲ့သည့် နိုင်ငံတကာပွဲစဉ်များတွင် ရလဒ်ကောင်းများရရှိခဲ့သောကြောင့် မေ ၁ ရက်က ထုတ်ပြန်လိုက်သည့် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရှစ်နှစ်နီးပါးအတွင်း အဆင့် (၁) နေရာသို့ ပထမဆုံးအကြိမ် ပြန်လည်တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

ပြင်သစ်အသင်းသည် မတ်လအတွင်း ချစ်ကြည်ရေးခြေစမ်းပွဲများအဖြစ် ဘရာဇီး၊ ကိုလံဘီယာ အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲစလုံးနိုင်ပွဲရရှိခဲ့သည့်အတွက် စပိန်နှင့် အာဂျင်တီးနားအသင်းတို့ကို ကျော်ဖြတ်ကာ အဆင့် (၁) နေရာသို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

**ပေါ်တူဂီအသင်း အဆင့် (၅) နေရာတက်လှမ်း**

ပြင်သစ်အသင်းသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့် (၁) နေရာသို့ ၂၀၁၈ ခုနှစ် စက်တင်ဘာလနောက်ပိုင်း တစ်ကျော့ပြန် တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အခြား ကမ္ဘာ့အဆင့် သတ်မှတ်ချက်များတွင် နာမည်ကြီး အင်္ဂလန်အသင်းက အဆင့် (၄) တွင် ဆက်လက်ရပ်တည်နေပြီး ပေါ်တူဂီအသင်းက ဘရာဇီးအသင်းအထက် အဆင့် (၅) နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

**မော်ရိုကိုအသင်း အဆင့် (၈) နေရာတွင် ဆက်လက်ရပ်တည်**

မော်ရိုကိုအသင်းသည် ကမ္ဘာ့အဆင့်၌ ၁၇၅၅ . ၈၇ မှတ်ဖြင့် အဆင့် (၈) နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး အာဖရိက၏ ထိပ်တန်းအသင်းဂုဏ်ပုဒ်ကို ထိန်းထားနိုင်ခဲ့သည်။ ဆီနီဂေါအသင်းက ကမ္ဘာ့အဆင့် (၁၄)၊ နိုင်ဂျီးရီးယားအသင်းက ကမ္ဘာ့အဆင့် (၂၆)၊ အယ်လ်ဂျီးရီးယားအသင်းက ကမ္ဘာ့အဆင့် (၂၈) နှင့် အီဂျစ်အသင်းက ကမ္ဘာ့အဆင့် (၂၉) တွင် အသီးသီးရပ်တည်နေသည်။

■ မိုးဇက်-စုစည်းရေးသားသည်



# အင်္ဂလန်ခံစစ်ကစားသမားဟောင်း ကီရန်ထရစ်ပီယာ နယူးကာဆယ်အသင်းမှ ထွက်ခွာမည်

အင်္ဂလန်ခံစစ်ကစားသမားဟောင်း ကီရန်ထရစ်ပီယာသည် ယခုနှစ် နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးပါက နယူးကာဆယ်အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၅ နှစ်အရွယ် အဆိုပါ ခံစစ်ကစားသမားသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် အက်သလက်တီကို မက်ဒရစ်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ထရစ်ပီယာသည် နယူးကာဆယ်အသင်း ဆယ်စုနှစ် ခုနှစ်စုကျော်ကြာ မျှော်လင့်စောင့်စားနေသည့် ပြည်တွင်းအဓိက ဆုဖလားကို ပြီးခဲ့သည့် ရာသီတွင် အီးအက်ဖ်အယ်ဖလားဆွတ်ခူးပြီး အဆုံးသတ်စေခဲ့သည်။

ထို့ပြင် ထရစ်ပီယာသည် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် နယူးကာဆယ်အသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် ကူညီပေးထားနိုင်သည်။ ၎င်းသည် နယူးကာဆယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၅၇ ပွဲ ပါဝင်ကစားထားသည်။

# ကွင်းလယ်ကစားသမား ဂေါ့ဇီ ဖရန့်ဖတ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

နာမည်ကြီး ကွင်းလယ်ကစားသမား မာရီယိုဂေါ့ဇီသည် ဖရန့်ဖတ်အသင်းနှင့် နှစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဖရန့်ဖတ်အသင်းသည် အဆိုပါကွင်းလယ်ကစားသမားကို ၂၀၂၈ ခုနှစ် ဇွန်လအထိ အသင်းတွင် ထိန်းထားနိုင်တော့မည် ဖြစ်သည်။

အသက် ၃၃ နှစ်အရွယ် ဂေါ့ဇီသည် ၂၀၂၂-၂၀၂၃ ရာသီတွင် ပီအက်စ်ဗွီအသင်းမှ ဖရန့်ဖတ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းသည် ဖရန့်ဖတ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၄၈ ပွဲ ပါဝင်ယှဉ်ပြိုင်ကစားထားပြီး ၁၂ ဂိုးသွင်းကာ ဂိုးဖန်တီးမှု ၁၈ ကြိမ် ပြုလုပ်ထားသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ ၂၅ ပွဲတွင် ၁၂ ပွဲ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိထားသည်။ ဖရန့်ဖတ်အသင်းသည် ဘွန်ဒက်စ်လီဂါ ၂၇ ပွဲကစား ပြီးချိန်တွင် ၁၀ ပွဲနိုင်၊ ရှစ်ပွဲသရေနှင့် ကိုးပွဲရှုံး ရလဒ်ရရှိထားသည်။



# ပထမဆုံးအကြိမ် ပိုက်ကျော်ခြင်းလိဂ်ပြိုင်ပွဲ ကျင်းပ




**ရန်ကုန် မေ ၅**
အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ ကလပ်အသင်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ရွှေသံလွင်မီဒီယာတို့ပူးပေါင်းစီစဉ်သည့် ပထမဆုံးအကြိမ် ပိုက်ကျော်ခြင်းလိဂ် ၂၀၂၆(Myanmar Sepaktakraw League (MSL 2026)) ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Abdul Halim Kader က ပေးပို့သော မြန်မာနိုင်ငံ၏ ပထမဆုံးလိဂ်ပြိုင်ပွဲအား အသိအမှတ်ပြုဂုဏ်ပြုစာကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်ဇင်မိုးက ဖတ်ကြားသည်။

ထို့နောက် ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ အမျိုးသမီးသုံးယောက်တွဲတွင် တတိယဆုရ ADARKHORSE အသင်း၊ ဒုတိယဆုရ YRG အသင်း၊ ပထမဆုရ Youth Camp အသင်း၊ အမျိုးသားသုံးယောက်တွဲတွင် ပထမဆုရ YRGအသင်း၊ ဒုတိယဆုရ ရွှေကျွန်းသားအသင်း၊ ပထမဆုရ ADARKHORSE အသင်း၊ အမျိုးသားလေးယောက်တွဲတွင် ဒုတိယဆုရ ADARKHORSE အသင်း၊ တတိယဆုရ ရွှေကျွန်းသားအသင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသားလေးယောက်တွဲတွင် ပထမဆုရ ADARKHORSE အသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီးသုံးယောက်တွဲ ပြိုင်ပွဲဝင်အသင်း ငါးသင်း၊ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၀ သင်းမှ ပြိုင်ပွဲအမျိုးအစား နှစ်မျိုးအဖြစ် အမျိုးသားသုံးယောက်တွဲ၊ အမျိုးသားလေးယောက်တွဲတို့သည် ပတ်လည်စနစ်ဖြင့် မတ် ၁၄ ရက်မှ မေ ၅ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပြည်မြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ပြည် မေ ၅**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ရပ်ကွက်/ ကျေးရွာနေပြည်သူများအား အပူဒဏ်ကာကွယ်ရေးနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများနှင့် သတိပြုရမည့် အချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲများ၊ ဒေသန္တရကျန်းမာရေး ဌာနနှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာန နယ်မြေများရှိ ရပ်ကွက်/ကျေးရွာပေါင်း ၁၉ ရွာမှ ပြည်သူ ၈၃၅ ဦးအား အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် သတိပြုရမည့် အပူဒဏ်အန္တရာယ်များအကြောင်းကို မေ ၂ ရက်က တာဝန်ရှိသူများနှင့် သက်ဆိုင်ရာနယ်မြေအလိုက် ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ကာကွယ်ရေးဆိုင်ရာ ဗီနိုင်းပိုစတာများဖြင့် အသိပညာပေး ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# သာယာဝတီမြို့နယ်၌ အရည်အသွေးကောင်းစပါး ရေဆင်းပေါ်ဆန်းမျိုးများ စိုက်ပျိုးထားရှိ

**သာယာဝတီ မေ ၅**
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာတွင် အရည်အသွေးမြင့် ပေါ်ဆန်းမျိုးများ လုံလောက်စွာရရှိစေရန်ရည်ရွယ်၍ မျိုးစေ့ထုတ်အရည်အသွေးကောင်း ရေဆင်းပေါ်ဆန်းမျိုးများ စိုက်ပျိုးထားရှိရာ သာယာဝတီမြို့နယ်အတွင်း ၂၀၂၅ – ၂၀၂၆ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် အရည်အသွေးကောင်းရေဆင်းပေါ်ဆန်း (၁) ၇၅ ဧကနှင့် ရေဆင်းပေါ်ဆန်း (၂) ၂၅ ဧက စုစုပေါင်း ဧက ၁၀၀ ကို မျိုးစေ့ထုတ်လုပ်ရန်စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မျိုးစေ့ထုတ်စိုက်ခင်းများအား တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် ခရိုင်ဦးစီးမှူးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မျိုးသန့်မျိုးပွားမျိုးစေ့ထုတ်လုပ်မှု ညွှန်ကြားချက်များအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ရန်နှင့် ၂၀၂၆–၂၀၂၇ ခုနှစ် မိုးစပါးရာသီတွင် အရည်အသွေးကောင်း ပေါ်ဆန်းမွှေးစပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများအား ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့နယ်၌ သက်ကြီးဘိုးဘွားများ အပူရှောင်နိုင်ရန် အပူရှောင်စခန်းစတင်ဖွင့်လှစ်

**တောင်တွင်းကြီး မေ ၅**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရွှေအင်းတောင်စေတီတော်မြတ်ကြီး အရှေ့ဘက်စောင်းတန်းတွင်သက်ကြီးဘိုးဘွားများ အပူရှောင်နိုင်ရန်အတွက် အပူရှောင်စခန်းကို မေ ၃ ရက်မှစတင်၍ ဖွင့်လှစ်ခဲ့သည်။

ဦးစွာ တောင်တွင်းကြီးမြို့နယ် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်သန်းဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ဇင်ညွှန့်တို့က အပူရှောင်စခန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာအောင်နိုင်စိုးနှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်မေဦးတို့က နွေရာသီကာလအတွင်း ကျန်းမာရေးနှင့်အညီ ပြုမူနေထိုင်စားသောက်ရခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဗိုလ်မှူးကြီး ကျော်သန်းဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက အပူရှောင်စခန်းသို့ လာရောက်ကြသည့် သက်ကြီး ဘိုးဘွားများအား ဆေးဝါးပစ္စည်းများ၊ ချွေးသုတ်ပဝါနှင့် ထောက်ပံ့ငွေများကို တစ်ဦးချင်း လက်ဝယ်အရောက် ပေးအပ်သည်။



ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကု ဌာနတို့မှ တာဝန်ကျဆရာမများက အပူရှောင်စခန်းသို့ လာရောက်ကြသည့် သက်ကြီးဘိုးဘွားများအား သွေးပေါင်ချိန်ခြင်း၊ အပူငြိမ်းဆေးတိုက်ကျွေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ အပူရှောင်စခန်းသို့လာရောက်သူများ သက်သောင့်သက်သာ နေထိုင်နိုင်စေရန် ဝါး ကုလားထိုင် အလုံး ၂၀ စီစဉ်ထားရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များကိုလည်း စီစဉ်ထားရှိကြောင်း သိရသည်။

အဆိုပါ အပူရှောင်စခန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile library ဖွင့်လှစ် ဆောင်ရွက်ပေးထားပြီး သဘာဝဘေးအန္တရာယ်၊ မီးဘေးအန္တရာယ်၊ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၊ အပူဒဏ်အန္တရာယ်နှင့် ကျန်းမာရေးပြဿနာများ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်၊ အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းထားရှိကြောင်း သိရသည်။

**နောင်နောင်**
**(ဗိသနိုးမြေ)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# လယ်ဝေးမြို့နယ်၌ အပူဒဏ်အန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်

**နေပြည်တော် မေ ၅**
ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အများပြည်သူများ အပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် ဥသျှစ်လှိုင်းနှင့် သပြေပင်ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ဥသျှစ်လှိုင်းကျေးရွာနှင့် နောင်ဘိုကျေးရွာများတွင် ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူများအပူဒဏ်မှ ကင်းဝေးစေရေးအတွက် အသိပညာပေးဟောပြောခဲ့သည်။

လယ်ဝေးမြို့ ပြည်သူ့ဆေးရုံတွင် လူနာများရောက်ရှိလာပါက ကုသမှုပေးနိုင်ရန် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားခြင်း၊ လူနာလက်ခံကုသမည့်နေရာများ ကြိုတင်ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# မြစ်ကြီးနားမြို့၌ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ယိမ်းအဖွဲ့များ လေ့ကျင့်ပြင်ဆင်လျက်ရှိ

**မြစ်ကြီးနား မေ ၅**

(မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်) ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ကချင်ပြည်နယ်၏ မြို့တော်မြစ်ကြီးနားမြို့၌ မိရိုးဖလာယဉ်ကျေးမှုနှင့်အညီ တစ်မူထူးခြား စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဗဟိုမဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများဖြင့် ထည့်သွင်းကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း မဟာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

သို့ဖြစ်ပါ၍ ဗဟိုမဏ္ဍပ်တွင် ယိမ်းအကဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ အနေဖြင့် သက်ဆိုင်ရာနေရာအသီးသီး၌ ယိမ်းအက လေ့ကျင့်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ယိမ်းအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယိမ်းအဖွဲ့တို့က ပြည်နယ်အစိုးရအဖွဲ့ရုံး၌ လေ့ကျင့်လျက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့တော်ခန်းမ၌ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ယင်းသို့ ယိမ်းအဖွဲ့များ လေ့ကျင့်ပြင်ဆင်နေမှုများနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားပြုယိမ်းအဖွဲ့အနေဖြင့် ကိုယ်ပိုင်သံစဉ်/ ကိုယ်ပိုင်စာသား/ ဆိုင်းဝိုင်းနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ယိမ်းအဖွဲ့အနေဖြင့် စီဒီတေးသီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အပြင် စည်ပင်သာယာရေးအဖွဲ့ ကိုယ်စားပြုယိမ်းအနေဖြင့် ဗဟိုမဏ္ဍပ်ယိမ်းအကပြိုင်ပွဲတွင် ကိုယ်ပိုင်သံစဉ်/ ကိုယ်ပိုင်စာသား/ တီးဝိုင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယိမ်းအဖွဲ့များ၏ အုပ်ချုပ်သူများထံမှ သိရသည်။



အဆိုပါ ဗဟိုမဏ္ဍပ် ယိမ်းအကအလှပြိုင်ပွဲကို ပြည်နယ်အစိုးရအဖွဲ့အပါအဝင် ဝန်ကြီးဌာနအသီးသီး ကိုယ်စားပြုယိမ်းအဖွဲ့များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ယိမ်းအဖွဲ့နှင့် မြို့ပေါ်ရပ်ကွက်များမှ ယိမ်းအဖွဲ့များက ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယိမ်းအကပြိုင်ပွဲကျင်းပရေး ကော်မတီအနေဖြင့် ကိုယ်ပိုင်စာသား/ ကိုယ်ပိုင်အဆို/ ကိုယ်ပိုင်အတီးဖြင့်လည်းကောင်း၊ ကိုယ်ပိုင်စာသား/ စီဒီဖြင့်လည်းကောင်း၊ စီဒီတေးသီချင်းဖြင့်လည်းကောင်း ပြိုင်ပွဲအမျိုးအစားသုံးမျိုးဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုများကိုလည်း ကချင်ပြည်နယ် အစိုးရအဖွဲ့က ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အပူဒဏ်ကာကွယ်ရေး အပူရှောင်စခန်းဖွင့်လှစ်ခြင်းနှင့် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိ

**နေပြည်တော် မေ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်၌ နွေရာသီကာလအတွင်း ကျရောက်လာနိုင်သည့် အပူဒဏ်အန္တရာယ်များမှ အများပြည်သူများကြိုတင်ကာကွယ်နိုင်ရန်ရည်ရွယ်၍ အသိပညာပေး လှုံ့ဆော်ခြင်း၊ အပူဒဏ်အန္တရာယ်မှကင်းဝေးစေရန် အပူရှောင်စခန်းနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို သက်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်လျက်ရှိသည်။

ဇေယျာသီရိမြို့နယ်၌ ထိခိုက်လွယ် (သက်ကြီးဘိုးဘွားများ)၊



ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များ အပူရှောင်နားခိုနေထိုင်နိုင်ရေးအတွက် ဇေယျာသီရိမြို့နယ် ကြည်တောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး နားနေဆောင်၌ အပူရှောင်စခန်းဖွင့်လှစ်ပြီး အဆိုပါအပူရှောင်စခန်းသို့ လာရောက်နားခိုနေထိုင်ကြသည့် ပြည်သူများအား အပူဒဏ်အန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချစ်ဆုဝေနှင့် ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်အန္တရာယ်အကြောင်းနှင့် ကြိုတင်ကာကွယ်ရမည့် ဆောင်ရန်၊ ရှောင်ရန်များ အသိပညာပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ချက်ချင်းဆောင်ရွက်ပေးနိုင်ရန် ယာယီဆေးပေးခန်းအား ယနေ့ မေ ၅ ရက်မှ စတင်ဖွင့်လှစ်ထားရှိပါကြောင်း၊ ဇေယျာသီရိမြို့နယ်ဆေးရုံတွင် အပူဒဏ်ကြောင့် လာရောက်ပြသသည့် လူနာများအချိန်နှင့်တစ်ပြေးညီကုသပေးနိုင်ရန်အတွက် လေအေးပေးစက်တပ်ဆင်ထားသည့်သီးသန့်အခန်းများ ပြင်ဆင်ထားရှိပြီး လိုအပ်သောအရေးပေါ်ဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများကို အလုံအလောက်အဆင်သင့်စုဆောင်းပြင်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရေစကြို မေ ၅**

ရေစကြိုမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက အများပြည်သူစည်ကားရာ ဂူကြီးကျောင်းဝင်းအတွင်းရှိ နံနက်ခင်းဈေး၊ ရွှေတန်ဆာနံနက်ခင်းဈေးနှင့် ပြည်သူ့ဆေးရုံတို့၌ ဖြန့်ဝေခဲ့သည်။

အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဖွင့်လှစ်ထားသည့် ရေစကြိုမြို့ ဂူကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံတွင်လာရောက်နားခိုသည့် သက်ကြီးဘိုးဘွားများအား အပူရှောင်စခန်းတွင် သက်သောင့်သက်သာအနားယူနိုင်ရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ နေ့စဉ်တိုင်း ရေဂါလန် ၁၈၅၀ ဆံ့ ရေကားတစ်စီးဖြင့် ရေဖျန်းပေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာန၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ်ရှိ ပရဟိတအသင်းအဖွဲ့တို့ပူးပေါင်းကာ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးပြီး နားခိုရန်နေရာများကိုလည်း စနစ်တကျဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဝေဇင်မို့(ရေစကြို)**



# မိတ္ထီလာမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မိတ္ထီလာ မေ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ လူစည်ကားရာနေရာများတွင် အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်က မြို့မ စည်ပင်သာယာဈေးကြီးနှင့် စက်သုံးဆီဆိုင်များ၌ ဆောင်ရွက်ခဲ့သည်။

အပူဒဏ်အန္တရာယ် ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ကျန်းမာရေးမှူး ဒေါက်တာရဲပိုင်တို့က ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးသည်များ၊ ဈေးဝယ်များအား ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပိုစတာများကပ်ခြင်း၊ လက်ကိုင်စက်ဖြင့် ဆောင်ရန်၊ ရှောင်ရန်များကို ဖွင့်ပေးခြင်းနှင့် ဓာတ်ဆားထုပ်များ အခမဲ့ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေးအသိပညာပေးခြင်းလုပ်ငန်းကို အောင်ဆန်းရပ်ကွက်အတွင်းရှိ Farmar စက်သုံးဆီအရောင်းဆိုင်သို့ ဆိုင်ကယ်ဆီလာရောက်ထုတ်ယူသည့် ဒေသခံပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဖြန့်ဖြူးရောင်းချစေရေး ကွင်းဆင်းကြည့်ရှု

**ပဲခူး မေ ၅**

ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ပဲခူးမြို့ပေါ်ရပ်ကွက်များနှင့်မြို့မဈေးအတွင်းရှိ စားအုန်းဆီလက်လီ၊ လက်ကားရောင်းချနေမှုများကို သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပဲခူးခရိုင်စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူး ဦးစိုးမိုး၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမိုးသက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ပြည်သူများအား စားအုန်းဆီဝယ်ယူခွင့်စာအုပ်များဖြင့် ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏမှန်ကန်မှု ရှိ၊ မရှိ မြို့ပေါ်ရပ်ကွက်များနှင့် မြို့မဈေးအတွင်းရှိ လက်လီ၊ လက်ကားကိုယ်စားလှယ်အရောင်းဆိုင်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ခရိုင်(ပြန်/ဆက်)**



# မန္တလေးနှင့် ကလေးမြို့တို့၌ တရားမဝင်သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈ တန်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

မန္တလေးနှင့် ကလေးမြို့တို့၌ တရားမဝင်သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈ တန်ကျော်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၂၆ လမ်း၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြားရှိနေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် ကိုဦးနှင့်အတူ ဇော်ဝင်းနိုင်(ခ)ဖိုးသား တို့အား တရားမဝင်သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ၀၂၅ တန်၊ TOYOTA HILUX SURF ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



တရားခံ ဇော်ဝင်းနိုင်(ခ)ဖိုးသား၊ ကိုဦး၊ နိုင်လင်း၊ ဖြိုးကိုကို၊ နိုင်ချိန်းအောင်နှင့် မတင့်တင့်အေးတို့အား မန္တလေးမြို့တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ၀၂၅ တန်နှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိကဖင်းများကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမှ မန္တလေးသို့ NISSAN ခြောက်ဘီးယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြသည့် ယာဉ်ပိုင်ရှင် မတင့်တင့်အေး၊ နိုင်လင်း၊ ဖြိုးကိုကို နှင့် နိုင်ချိန်းအောင်တို့ လေးဦးကို မန္တလေးမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ကဖင်းများကို ကလေးမှ မန္တလေးသို့ သယ်ဆောင်ခိုင်းသူ ညီညီဇော်(ခ)ဖိုးငယ်အား ကလေးမြို့ မြို့သာရပ်ကွက်ရှိနေအိမ်တွင် ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် SANGDA KSD MPV ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ယင်း၏ဖော်ထုတ်ချက်အရ ကလေးမြို့နေ ကဖင်းအိတ်များပိုင်ရှင် မခင်မို့မို့အေး(ခ)အန်တီမိုးနှင့် ပူးပေါင်းပါဝင်ခဲ့သည့် နေမျိုးလင်း(ခ)ရှော့ကီ (ခ)မုတ်ဆိတ်၊ မကြွယ်သင်ပါးရ်အီး(ခ) ပါးရ်အီးနှင့် ခိုင်လင်းထွဋ်တို့ကို ကလေးမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ကလေးမြို့ စမ်းမြို့ရပ်ကွက်ရှိ လားရင်မွှာနာ (ခ)မွမ်သဲ၏နေအိမ်မှ ကဖင်း ၃ ဒသမ ၈ တန် ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် မန္တလေးမြို့၌ ဖမ်းဆီးရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ၀၂၅ တန် (တစ်ကီလိုလျှင် ငွေကျပ် ၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၁၀၀)၊ ကလေးမြို့တွင် ဖမ်းဆီးရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ ဒသမ ၈ တန် (တစ်ကီလိုလျှင်ငွေကျပ် ၃ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၁၄ ဘီလီယံ) စုစုပေါင်း ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈၂၅ တန် (၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၅၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။



တရားခံ နေမျိုးလင်း(ခ)ရှော့ကီ(ခ)မုတ်ဆိတ်၊ မကြွယ်သင်ပါးရ်အီး(ခ) ပါးရ်အီးနှင့် လားရင်မွှာနာ(ခ)မွမ်သဲတို့အား ကလေးမြို့တွင် သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၃ ဒသမ ၈ တန်နှင့်အတူ တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများကို မြန်မာ-အိန္ဒိယနယ်စပ်၊ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရိဒ်ခေါဒါရ်မြို့မှ ကလေးမြို့သို့လည်းကောင်း၊ ကလေးမြို့မှ မန္တလေးမြို့သို့လည်းကောင်း တရားမဝင်တင်သွင်း သယ်ဆောင်ရောင်းဝယ်သူမှာ ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့ မြန်မာ-အိန္ဒိယနယ်စပ်နေ မမားစောဆန်းအီး(ခ) ဆန်းအီး(ခ)သဲသဲ(ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မော်တော်ယာဉ် ငါးစီးဆင့်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၌ မေ ၃ ရက်က မော်တော်ယာဉ်ငါးစီးဆင့်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ဖြစ်စဉ်မှာ မေ ၃ ရက် ည ၈ နာရီတွင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အတွင်းပဒံကျေးရွာ အမှတ် (၅)လမ်းမကြီးပေါ်ရှိ နည်းပညာတက္ကသိုလ်လမ်းဆုံ အနီးတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အမှတ်(၅) လမ်းမကြီး အတိုင်း အနောက်မှအရှေ့သို့ ကုလားကြီးစုကျေးရွာနေ နိုင်နိုင်အေး (၃၇)နှစ် မောင်းနှင်လာသည့် BGO-11 8D----- I-ZONE TRUCK ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လားရာတူ ရှေ့မှ အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက်နေ ဦးဖုန်းမြင့်ကျော်(၅၀)နှစ် မောင်းနှင်လာသည့် YGN-8 5F----- TOYOTA PROBOX ယာဉ်အား ဝင်ရောက်တိုက်မိပြီး အမှတ်(၁၀)ရပ်ကွက်နေ အောင်ထွန်းလင်း (၃၃)နှစ် မောင်းနှင်သည့် YGN-6 8F----- I-ZONE TRUCK မော်တော်ယာဉ်၊ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ကာယရပ်ကွက်နေ ကိုနိုင်လင်းထွန်း(၄၅)နှစ် မောင်းနှင်သည့် YGN 3 BB/---- TOYOTA PROBOX ယာဉ်၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက်နေ ကိုညဏ်ဌေး(၃၄)နှစ် မောင်းနှင်လာသော YGN-7 6M----- SUZUKI ERTIGA မော်တော်ယာဉ်တို့အား အဆင့်ဆင့်တိုက်မိမှုဖြစ်ပွားခဲ့ကာ အဆိုပါမော်တော်ယာဉ်များအနက်မှ YGN-6 8F----- I-ZONE TRUCK ယာဉ်မောင်း လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် (၁၀)ရပ်ကွက်နေ ကိုအောင်ထွန်းလင်း(၃၃)နှစ်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် နိုင်နိုင်အေးအား လှိုင်သာယာ(အနောက်ပိုင်း)မြို့မရဲစခန်း ယာဉ်(ပ) ၈/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၂၇၉ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မော်တော်ယာဉ်ငါးစီးဆင့်တိုက်မှုဖြစ်ပွားမှုမှ မော်တော်ယာဉ်များ၏ မှတ်တမ်းဓာတ်ပုံ။



ပြည်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွားမှုမှ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တို့၏ မှတ်တမ်းဓာတ်ပုံ။

# ပြည်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ မေ ၄ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်မြို့ မြို့သစ်ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ အမှတ် (၁၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မြို့သစ်ရပ်ကွက်ဘက်မှ ဘုရင့်နောင်လမ်းမကြီးဘက်သို့ မြို့သစ်ရပ်ကွက်နေ နိုင်မင်းထက်(၄၀)နှစ်မောင်းနှင်လာသည့် YGN-12 3C----- Nissan Conbor ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ နိဗ္ဗိန္ဒလမ်းဆုံဘက်မှ ကားကြီးဝင်းဘက်သို့ မြို့သစ်ရပ်ကွက်နေ ထွန်းမင်းနိုင်(၁၅)နှစ် မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဝီလျှံအောင် (၁၆)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ထွန်းမင်းနိုင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဝီလျှံအောင်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် နိုင်မင်းထက် အား ပြည်မြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၃၃၈/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေမြို့၌ ဌာနဆိုင်ရာမိသားစုများစုပေါင်းကာ ရှင်သာမဏေ ၁၀၈ ပါး ရှင်ပြုအလှူမင်္ဂလာပွဲ ကျင်းပပြုလုပ်



နေပြည်တော် ဧပြီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေမြို့၌ ဌာနဆိုင်ရာမိသားစုများစုပေါင်းကာ ရှင်သာမဏေ ၁၀၈ ပါး ရှင်ပြုအလှူမင်္ဂလာပွဲအား ယနေ့နံနက်ပိုင်းတွင် လွိုင်မွေမြို့ စတုရဋ္ဌသုမင်္ဂလစေတီတော်ရင်ပြင်၌ ကျင်းပပြုလုပ်ရာ သီလဓမ္မကုန်းသာ တောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သီရိပျံချီ ဘဒ္ဒန္တကောဝိဒ (ဝစီပိတ်ဆရာတော်)အမှူးပြုသောဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ မိသားစုများ၊ အလှူရှင်၊ စေတနာရှင်များ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ဦးစွာ ရှင်ပြုအလှူမင်္ဂလာအဝင်နေ့ရက်ဖြစ်သည့် ဧပြီ ၄ ရက် မွန်းလွဲပိုင်းတွင် လွိုင်မွေမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ ဦးဆောင်ကာ လွိုင်မွေဒေသနှင့် ကျိုင်းတုံမြို့နယ် တောင်ပေါ်ကျေးရွာအုပ်စု ငါးစုမှ ဗုဒ္ဓဘာသာဝင် အာခါနှင့် လားဟူတိုင်းရင်းသားကလေးငယ် ရှင်အပါး ၁၀၈ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၀ ပါးတို့အား ရှင်လောင်းလှည့်လည်ကြပြီး ဆံချမင်္ဂလာနှင့် သင်္ကန်းဝတ်ခြင်း(ပဗ္ဗဇ္ဇမင်္ဂလာ)ကို အစီအစဉ်အတိုင်းဆောင်ရွက်ကာ ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် သာသနာ့အမွေခံယူစေသည်။

ထို့နောက် ရှင်ပြုအလှူရေစက်ချတရားတော်နာယူခြင်းအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ကြပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ်များက သံသရာအေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များအား နာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် အလှူရှင်၊ စေတနာရှင်များက သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရှင်ပြုအလှူပွဲဖြစ်မြောက်ရေး ဦးဆောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လက ကျေးဇူးတင်ဝမ်းမြောက်စကား မိန့်ကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သာသနဝေပုလ္လကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယထံမှ အနုမောဒနာနှင့် ရေစက်ချတရားနာယူကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်

ပဲခူး ဧပြီ ၅

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး



လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ယနေ့ နံနက် ၈ နာရီက မြို့မစည်ပင်သာယာဈေးနှင့် လူစည်ကားရာနေရာများ၌ ပြုလုပ်ခဲ့သည်။

ထိုသို့နှိုးဆော်ရာတွင် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ဂနာမငြိမ်ခြင်း၊ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ နှုံးချည့်ပျော့ခွေခြင်း၊ အလွန်အမင်းရေဆာခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် အပူဒဏ်အန္တရာယ်ကျရောက်သည့် လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း စသည့်အပူဒဏ်အန္တရာယ်အကြောင်း သိကောင်းစရာများ၊ လိုက်နာရန်အချက်များ၊ ရှောင်ရန်အချက်များကို အသိပညာပေးနှိုးဆော်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရွှေကျင်မြို့၌ ပါဠိပထမပြန်စာမေးပွဲ စူဠဘွဲ့နှင်းသဘင် အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ရွှေကျင် ဧပြီ ၅

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပျဉ်းမပင်ရပ်ကွက် လေးထပ်ဘုန်းတော်ကြီးကျောင်းတွင် ဧပြီ ၄ ရက် ညနေ ၄ နာရီက ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် စာအောင်သံဃာများကို စူဠဘွဲ့နှင်းသဘင်စာအောင်ဆုများ ဆက်ကပ်ချီးမြှင့်ပွဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကျင်းပသည်။

စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူကာ ရေစက်ချအမျှပေးဝေခြင်း၊ ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆိုအောင်မြင်သည့် စာအောင်သံဃာ အကြီးတန်း နှစ်ပါး၊ အလတ်တန်း နှစ်ပါး၊ အငယ်တန်း ငါးပါး၊ အခြေပြုမူလတန်း ၁၈ ပါး စုစုပေါင်း ၂၇ ပါးတို့အား စာအောင်လက်မှတ်၊ စာအောင်ဆုများဆက်ကပ်ခြင်းနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဆက်လက်ပြီး ဩဝါဒါစရိယဆရာတော်ကြီးများ၊ စာချဆရာတော်များ၊ စာအောင်သံဃာတော်များနှင့် သီလရှင်ဆရာလေးများအား အလှူရှင်များက ဆွမ်းဆန်စိမ်းများအား လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ နွေရာသီကာလအပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေး အပူရှောင်စခန်းဖွင့်လှစ်ပေး

ပခုက္ကူ ဧပြီ ၅

မကွေးတိုင်းဒေသကြီးသည် ယခုရက်ပိုင်းအတွင်း ကမ္ဘာ့အပူဆုံးဒေသစာရင်း၌ပါဝင်လျက်ရှိပြီး ပခုက္ကူမြို့နယ်တွင်လည်း အပူချိန်မြင့်တက်လာမှုတို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် နွေရာသီကာလအပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးရည်ရွယ်၍ အပူရှောင်စခန်းတစ်ခု ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပခုက္ကူမြို့နယ်အတွင်း အပူချိန်မြင့်တက်လာမှုကြောင့် မိမိတို့နေအိမ်များ၌ နေထိုင်ရန်ခက်ခဲပြီး အပူဒဏ်ကာကွယ်နိုင်ရေး တိမ်းရှောင်ရန်လိုအပ်သူများ၊ သက်ကြီးရွယ်အိုဘိုးဘွားများ၊ ကျန်းမာရေးအားနည်းသူများအတွက် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဧပြီ ၃ ရက်မှစတင်ကာ ပခုက္ကူမြို့ အမှတ်(၁၄) ရပ်ကွက်ရှိ စနစ်သစ်ပုထိုးတိုက်တွင် လူဦးရေ ၂၅၀ ဆံ့ အပူရှောင်စခန်းဖွင့်လှစ်ဆောင်ရွက်ထားကြောင်း၊ အပူရှောင်လာရောက်သူများ အဆင်ပြေချောမွေ့စွာ နားခိုနေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင်ပြည်သူများ စုပေါင်း၍ စခန်းအတွင်း သဲများခင်းခြင်း၊ ရေဖျန်းခြင်း၊ သောက်ရေသန့်များအား မြေအိုးများဖြင့် စီစဉ်ချထားပေးခြင်း၊ နေ့လယ်စာနှင့် အာဟာရဖြည့်အချိုရည်များကျွေးမွေးခြင်း၊ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး၏ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး



ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ မော်တော်ယာဉ်များဖြင့် ကြို/ပို့ဆောင်ရွက်ပေးခြင်းများကို ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ပေးကြကြောင်း၊ အပူရှောင်လာရောက်နားခိုသည့် လူဦးရေအနည်းအများပေါ်မူတည်ပြီး အမှတ်(၁)ရပ်ကွက်ရှိ ပြည်သာယာခန်းမတွင် လူဦးရေ ၁၀၀ ဆံ့ အပူရှောင်စခန်းနှင့် အမှတ်(၁၄) ရပ်ကွက်ရှိ ရွှေသိမ်တော်ဓမ္မရိပ်သာကျောင်းတိုက်တွင် လူဦးရေ ၁၀၀ ဆံ့ အပူရှောင်စခန်းများ အရန်သတ်မှတ်၍ ကြိုတင်စီမံဆောင်ရွက်ထားကြောင်း မြို့နယ်အပူရှောင်စခန်းကြီးကြပ်မှုကော်မတီထံမှ သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ပုသိမ်မြို့၌ ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေးအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေနိုင်ရေး ကြိုတင်လေ့ကျင့်



ပုသိမ် ဧပြီ ၅

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မဟာသင်္ကြန်ပွဲတော်တွင် ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေးအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေနိုင်ရေးအတွက် ဌာနဆိုင်ရာအလိုက်၊ ကျောင်းအလိုက် ကြိုတင်လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

၁၃၈၇ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေနိုင်ရေးအတွက် ယိမ်းအဖွဲ့ ၁၉ ဖွဲ့က ကြိုတင်လေ့ကျင့်ဆောင်ရွက်နေသကဲ့သို့ ပုသိမ်မြို့ ကမ်းနားလမ်းရှိ ရှုခင်းသာရင်ပြင်တွင် ဧရာဝတီတိုင်းဒေသကြီး (ဗဟို)သင်္ကြန်မဏ္ဍပ်အား အလျား ပေ ၂၀၀၊ အနံပေ ၆၀ ဖြင့် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ဧည့်ခံရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များအား ပူးတွဲတည်ဆောက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးအတွင်း စက်သုံးဆီခြိုးခြံချွေတာသုံးစွဲရေးအနေဖြင့် လမ်းလျှောက်သင်္ကြန်အပါအဝင် ဗဟိုမဏ္ဍပ်နှင့် အခြားသောမဏ္ဍပ်များအား ပုသိမ်မြို့ကမ်းနားလမ်းတွင် တစ်စုတစ်စည်းတည်းကျင်းပမည်ဖြစ်ရာ ဆိုလာရေရရှိရေးစနစ်ဖြင့်လည်းကောင်း၊ လျှပ်စစ်မီးအသုံးပြု၍ စက်သုံးဆီသုံးစွဲရေးအား အနည်းဆုံး ခြိုးခြံချွေတာနိုင်ရေးစီစဉ်ဆောင်ရွက်ထားကြောင်း ဗဟိုမဏ္ဍပ်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ပြောသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သဲဖြူဆရာတော်ကြီးဦးဆောင်မှုဖြင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ရန်ကုန် ဧပြီ ၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ သဲဖြူဆရာတော်ကြီး ဦးဆောင်မှုဖြင့် သန့်ရှင်းသာယာလှပရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းစေရေးအတွက် ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်နှင့် တာဝန်ရှိသူများ၊ ဒုတိယမြို့တော်ဝန်ဦးညီညီ၊ ခရိုင်/မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ ယမန်နေ့က မြောက်ဥက္ကလာပပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အဆောင်များ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ ၊ ဆေးရုံကြီးခြံဝင်းအတွင်း ရေစီး၊ ရေလာကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ သဲဖြူဆရာတော်ကြီး ဂုဏ်ထူးဆောင် ဝိပဿနာ ဘာဝနာပါရဂူ (ဒေါက်တာ) ဘွဲ့တံဆိပ်တော်ရဆရာတော် သီရိပျံချီ ဒေါက်တာ "ဘဒ္ဒန္တပညာဇောတ" မဟာထေရ်မြတ် ဦးဆောင်မှုဖြင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နိုင်မောင်၊ မရမ်းကုန်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးမိုးသူနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆရာတော်ကြီးထံမှ ဩဝါဒခံယူခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ပြည်သူ့ဆေးရုံကြီးရှိ ဝန်ထမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့၊ လူမှုကူညီရေးအဖွဲ့အစည်းများပူးပေါင်း၍ စုစုပေါင်း ၁၀၀၀ ကျော်ခန့်ဖြင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



သက်လွင်စိုး (ပြန်/ဆက်)

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ခာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြုတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန် ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသော နေရာများ၌ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေ ရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွား ကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသော နေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

## ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ်ပုံမှန်ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက် ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟုသံသယရှိပါကသက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်း ဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ➢ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ➢ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည်ညဘက်နှင့် နံနက်စောစောတို့တွင် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်းစသည့် နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ➢ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ➢ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ➢ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ➢ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ➢ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှု ဖြစ်စေသည့် ကစော်ဖတ်၊ ဝါဓေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ် ၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ➢ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ➢ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ➢ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ➢ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်း ဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ ဈေးတန်း(၄) ရပ်ကွက်နေ ဦးမာန်နိုင်း ၅/တမန(နိုင်)၀၄၈၆၉၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၁၀-၁၉၆၅ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ဈေးတန်းရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ အကွက်အမည် ဈေးတန်းကွင်း ဦးပိုင်အမှတ် (၂၀၇) ဧရိယာ (၀ ဒသမ ၀၂၀) ဧကကို ဘိုးဘပိုင်မြေအမည်ပြောင်းပေးရန် ဒေါ်မိမိရီ မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၅) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန ၊မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကန်ခေါင်းရပ်ကွက်၊ အကွက်အမှတ်(၁၉-ခ)၊ အကွက်အမည် ကန်ခေါင်းကွင်း ဦးပိုင်အမှတ် (၈၉) ဧရိယာ ၀ ဒသမ ၀၄၇ဧကအနက်မှ (၀ ဒသမ ၀၁၃) ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်ရိုစီသန်း မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၅) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန ၊ မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ အကွက်အမှတ်(၉-ခ)၊ အကွက်အမည် မြစ်ငယ်ကွင်း ဦးပိုင်အမှတ်(က/၃၇) ဧရိယာ (၀ ဒသမ ၁၃၁) ဧကကို ဘိုးဘပိုင်အမည် ပြောင်းပေးရန်ဦးရဲကျော်သူ ပါ (၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၅) ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းရှိ ပွဲရုံဆိုင်ခန်းအမှတ် (ပ-၁၄၃) ၏ ဆိုင်ခန်းပိုင်ဆိုင်မှုမှတ်တမ်းစာအုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် (မိတ္တူမှန်) ထုတ်ပေးပါရန် ဆိုင်ခန်းအမည်ပေါက်သူ ဒေါ်အိရွှေဇင် ၉/ပမန(နိုင်)၁၇၀၆၈၈ မှ လျှောက်ထားလာမှုအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မည့်သူမရှိသဖြင့် ဌာနမှ ဆိုင်ခန်းပိုင်ဆိုင်မှုမှတ်တမ်းစာအုပ်(မိတ္တူမှန်) ထုတ်ပေးမည်ဖြစ်ပါ၍ မူလထုတ်ပေးထားသည့် ဆိုင်ခန်းအမှတ် (ပ-၁၄၃) ၏ ပိုင်ဆိုင်မှုမှတ်တမ်းစာအုပ်(မူရင်း)ကို ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁) ထူပါရုံရပ်ကွက်၊ ထူပါရုံ (၉) လမ်းအနောက်၊ အမှတ် (၉၃၆)၊ ၅လွှာ(ဝဲထောင့်ခန်း)၊ (၁၂.၅ ပေ x ၅၀ ပေ)ဟုခေါ်တွင်သည့် တိုက်ခန်းကိုပိုင်ဆိုင်သူ ဒေါ်ကြူကြူခိုင် ၁၂/သကတ(နိုင်)၀၉၃၇၂၆ ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၇) ရက်အတွင်း ကျွန်မထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နီနီအေး ၁၂/အစန(နိုင်)၀၂၇၈၃၄**
**ဖုန်း-၀၉-၄၂၉၂၉၆၀၀၆၊ ၀၉-၅၀၅၆၂၀၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၄၁)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဒေါ်လှလှအေး (၁၂/ဥကတ(နိုင်)၁၀၂၇၇၅) မှ မြေငှားဂရန်(အသစ်) ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၂/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၅၅)၊ မြေဧရိယာ(၀.၀၄၆) ဧကရှိ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးမင်းသိန်း (၁၂/ဒဂန(နိုင်)၀၁၁၄၇၃)မှ မြေငှားဂရန်(အသစ်) ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့။**

## မိဘအမည်မှန်

ပူတာအိုမြို့၊ ဒုတ္တန်ရပ်ကွက်(၃)နေ မမေဇီရှင်း၏ မိဘနှစ်ပါးမှာ (အဖ)ဦးဂျုံတန်အောင်ရမ် ၁/မခဘ(နိုင်) ၀၁၂၃၄၀ နှင့် (အမိ)ဒေါ်မီမီထွေး ၁/ပတအ(နိုင်)၀၇၅၈၅၁ တို့ဖြစ်ပါကြောင်း။

## အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

